Interim Executive Council
Karenni State

# ကရင်နီပြည်ကြားကာလအုပ်ချုပ်ရေးကောင်စီ
# ၂၀၂၅ ခုနှစ်၊ ဘဏ္ဍာရေးနှစ် တစ်နှစ်တာ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံခြင်း

မတ်လ (၃)ရက်၊၂၀၂၆ ခုနှစ်။

ဆက်သွယ်ရန် - Emial:Karenni-IEC@protonmail.com
SIngnal number:+66636870154
Facebook: https://www.facebook.com/InterimExecutiveCouncilofKarenniState



# ပြည်ထဲရေးဌာန

ပြည်ထဲရေးဌာနသည် ပြည်သူ့အုပ်ချုပ်ရေး၊ တရားဥပဒေစိုးမိုးရေး၊ လူဝင်မှုကြီးကြပ်ရေးနှင့် အရေးပေါ်ကယ်ဆယ်ရေးစသည့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများဆောင်ရွက်ရန်အတွက် ပြည်သူ့အုပ်ချုပ်ရေးဌာနခွဲ၊ ကရင်နီပြည်ရဲ ဌာနခွဲ၊ လူဝင်မှုကြီးကြပ်ရေးဌာနခွဲနှင့် အရေးပေါ်ကယ်ဆယ်ရေးဌာနခွဲ စသည့် ဌာနခွဲ (၄)တို့ဖြင့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများကို အကောင်အထည် ဖော်ဆောင်ရွက် လျက်ရှိပါသည်။ ပြည်ထဲရေးဌာန၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်။

၁။ကြားကာလအတွင်း ကရင်နီပြည်နယ်အဆင့်တွင် အင်အားစုများအားလုံးပါဝင်ပြီး ဖက်ဒရယ်ဒီမိုကရေစီစံနှုန်းနှင့်အညီ ပြည်သူ့အုပ်ချုပ်ရေးဖော်ဆောင်ရန်။

၂။ပြည်သူလူထု၏ အခြေခံလိုအပ်ချက်များဖြစ်သည့် လုံခြုံရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် အထွေထွေအုပ်ချုပ်စီမံမှုများကို ကူညီဖြေရှင်းပေးရန်။

၃။လက်ရှိဖြစ်ပေါ်နေသော ဘေးအန္တရာယ်အမျိုးမျိုးကို အုပ်ချုပ်ရေးယန္တရားမှ ကာကွယ်တုံ့ပြန်နိုင်ရန်

၂၀၂၅ ဘဏ္ဍာရေးနှစ် တစ်နှစ်တာ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှု အကျဉ်းချုပ်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

## (က) ပြည်သူ့အုပ်ချုပ်ရေးဌာနခွဲ

၂၀၂၅ ခုနှစ်အတွင်း ပြည်သူ့အုပ်ချုပ်ရေးဌာနခွဲသည် ကရင်နီပြည်သူလူထုနှင့် သက်ဆိုင်သူများအားလုံးပါဝင်သော အုပ်ချုပ်ရေးယန္တရားအား ဖော်ဆောင်လျက်ရှိပြီး ဒေသန္တရအုပ်ချုပ်စီမံခန့်ခွဲမှုဆိုင်ရာ မူဝါဒမူကြမ်းများ ရေးဆွဲခြင်းနှင့် မြို့နယ်အုပ်ချုပ်ရေးကော်မတီ/ကောင်စီများ၏ ရုံးလုပ်ငန်းများကို လမ်းညွှန်ကြပ်မတ်စစ်ဆေးခြင်းများ **မူဝါဒနှင့် လမ်းညွှန်မှုဆိုင်ရာလုပ်ငန်းများကို**ဆောင်ရွက်ခဲ့သည် ။ **ထို့အတူ စွမ်းရည်မြှင့်တင်ရေးကာလတွင်** ကရင်နီပြည်သူ့အုပ်ချုပ်ရေးသင်တန်းကျောင်း (KPA) ကို ဖွင့်လှစ်နိုင်ခဲ့ပြီး၊ အပတ်စဉ် (၁) သင်တန်းသား (၂၃) ဦးအား အုပ်ချုပ်ရေးဆိုင်ရာဘာသာရပ်ကို လေ့ကျင့်သင်ကြားပေးနိုင်ခဲ့ပါသည်။ ဒေသဖွံ့ဖြိုးရေးစီမံကိန်းအနေဖြင့် ကျေးရွာချင်းဆက်လမ်းများ ပြုပြင်ခြင်းနှင့် တံတားများတည်ဆောက်ခြင်းလုပ်ငန်းများကို အရပ်ဘက်အဖွဲ့အစည်းများ၊ အလှူရှင်များနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ပါသည် ။

ဖွဲ့စည်းနိုင်ခဲ့သောမြို့နယ် ၁၆ မြို့နယ်

ဖွဲ့စည်းနိုင်ခဲ့သောမြို့ ၁ မြို့

ဒေသဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ခဲ့သောမြို့နယ် ၈ မြို့နယ်

စွမ်းဆောင်ရည် မြင့်တင်ရေး သင်တန်း ၁ ကြိမ်

## (ခ) ကရင်နီပြည်ရဲဌာနခွဲ


ကရင်နီပြည်ရဲဌာနသည် ကရင်နီပြည် အတိုင်ပင်ခံကောင်စီ (KSCC) နှင့် ကရင်နီပြည် ကြားကာလအုပ်ချုပ်ရေးကောင်စီ (IEC) တို့မှ အတည်ပြုပြဌာန်းထားသော ကရင်နီပြည်ရဲဥပဒေ၊ ရဲလမ်းညွှန်များအတိုင်း တရားဥပဒေစိုးမိုးရေး၊ လုံခြုံရေးနှင့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများကို သက်ဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများ၊ အရပ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက် လျက်ရှိပြီး တစ်နှစ်တာ အတွင်း အောက်ပါလုပ်ငန်းများကို ဆောင်ရွက်နိုင်ခဲ့ပါသည်။ ကရင်နီပြည်ရဲဌာနသည် ဌာနချုပ်၊ နယ်မြေရဲစခန်း (၁၇) ခုနှင့် ရဲကင်းများဖြင့် ပြည်သူ့လုံခြုံရေးနှင့် ဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည် ။

တရားဥပဒေစိုးမိုးရေးကဏ္ဍတွင် ၂၀၂၅ ခုနှစ်အတွင်း စုစုပေါင်း အမှုပေါင်း (၁၇၁) မှုကို ကိုင်တွယ်ခဲ့ပြီး၊ ၎င်းအနက် (၁၁၄) မှုမှာ စီရင်ချက်ချပြီးဖြစ်ကာ (၂၁) မှုမှာ တရားရုံးစစ်ဆေးဆဲနှင့် (၁၆) မှုမှာ ရဲစစ်ဆေးဆဲအဆင့်တွင်ရှိပါသည်။ပိတ်သိမ်း/ကြေအေး/ရုပ်သိမ်း အမှုများမှာ (၂၀) မှုရှိခဲ့ပါသည်။ ထို့အပြင် အမျိုးသမီးနှင့် ကလေးသူငယ်များအပေါ် အကြမ်းဖက်မှု (၂၇) မှုကို အရေးယူဆောင်ရွက်ခဲ့ရာ ထောင်ဒဏ်ချမှတ်ခြင်းနှင့် လူငယ်ပြုပြင်ရေးကျောင်းသို့ ပို့ဆောင်ခြင်းများကို ဆောင်ရွက်နိုင်ခဲ့ပါသည်။ ယာဉ်ထိန်းလုပ်ငန်းဆောင်ရွက်ရာတွင် လူစည်ကားရာ ဈေးများနှင့် လမ်းဆုံများတွင် ယာဉ်ကျောပိတ်ဆို့မှုမရှိစေရေး၊ ယာဉ်စည်းကမ်း လမ်းစည်းကမ်း အသိပညာပေးခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းများကို ဆောင်ရွက်ခဲ့သည်။ ဒေသတွင်းရှိတော်လှန်ရေးတပ်ဖွဲ့များနှင့် ပူးပေါင်းစစ်ဆေးရေးဂိတ်များတွင် လုံခြုံရေးနှင့် ဝန်ဆောင်မှုလုပ်ငန်းများကို နေ့စဉ်ဆောင်ရွက်လျက်ရှိပါသည်။



## (ဂ) လူဝင်မှုကြီးကြပ်ရေးဌာနခွဲ

**လူဝင်မှုကြီးကြပ်ရေးဌာနခွဲမှ ၂၀၂၅ ခုနှစ်အတွင်း လူဦးရေစာရင်းကောက်ယူခြင်းကဏ္ဍတွင်** ဒေသခံ (၁၆၇,၃၁၉) ဦးနှင့် စစ်ရှောင် (၁၀၀,၃၇၄) ဦး၊ စုစုပေါင်း (၂၆၇,၆၉၃) ဦး၏ အိမ်ထောင်စုလူဦးရေစာရင်း ပုံစံ (အထစ-၁) ကိုကောက်ယူနိုင်ခဲ့ပါသည် ။ ထို့အပြင် ကတ်ပြားထုတ်ပေးခြင်းလုပ်ငန်းတွင် ပြည်နယ်ခြားဖြတ်သန်းခွင့် (IP) ကတ် (၃,၉၂၆) ခုနှင့် အလုပ်သမားယာယီနေထိုင်ခွင့်လက်မှတ် (၃,၀၂၉) ခု ထုတ်ပေးခဲ့ပါသည် ။ **နယ်စပ်စစ်ဆေးရေဂိတ်များတွင်** လူဝင် (၄,၆၀၁) ဦးနှင့် လူထွက် (၅,၉၁၀) ဦးကို စနစ်တကျ စိစစ်ခဲ့ပါသည် ။မြို့နယ် (၈) ခုတွင် မြေပြင်လူဦးရေ (၉၆,၉၈၄) ဦး၏ လူမှုစီးပွားဆိုင်ရာ အချက်အလက်များ၊ လူမှုစီးပွားစစ်တမ်းကို ကောက်ယူနိုင်ခဲ့ပါသည် ။



## (ဃ) အရေးပေါ်ကယ်ဆယ်ရေးဌာနခွဲ

၂၀၂၅ခုနှစ်အတွင်း တိုက်ပွဲဖြစ်ပွားနေသော ဒေသများရှိ ပြည်သူ (၁,၁၅၉) ဦးနှင့် စစ်ဘေးရှောင် (၁,၀၀၀) ကျော်ကို ဘေးကင်းရာသို့ ကူညီရွှေ့ပြောင်းပေးခဲ့ပါသည်။ ထို့အပြင် တိုက်ပွဲအတွင်း ထိခိုက်ဒဏ်ရာရသူများနှင့် အရေးပေါ်လူနာ (၈၅) ဦးကို သက်ဆိုင်ရာ ဆေးရုံ/ဆေးခန်းများသို့ ပို့ဆောင်ပေးခဲ့ပါသည်။ မီးသတ်ဌာနစိပ် မှဆီဆိုင်မီးလောင်မှုများ အပါအဝင် မီးလောင်မှုဖြစ်စဉ်များကို ဒေသခံများနှင့်အတူ ပူးပေါင်းငြိမ်းသတ်ခဲ့ပါသည် ။ စစ်ရှောင်စခန်း (၄၄) ခုခန့်သို့ အကြိမ်ပေါင်း (၁၅၀) ကြိမ်၊ ရေဂါလံပေါင်း (၂၄၀,၀၀၀) ခန့်ကို သွားရောက်ပို့ဆောင်လှူဒါန်းခဲ့ပါသည်။ အခြေခံကယ်ဆယ်ရေးသင်တန်းသား (၂၀၀) ဦးနှင့် ယာဉ်မောင်းသင်တန်းသား (၂၀) ဦးတို့ကို မွေးထုတ်ပေးနိုင်ခဲ့ပါသည် ။


ဆက်သွယ်ရန် - Emaill: IEC_dept.homeaffairs@protonmail.com
Signal number:+66951901790
Facebook: https://www.facebook.com/ieckarenni.doha/

**ကရင်နီပြည်ကြားကာလအုပ်ချုပ်ရေးကောင်စီ**
**ပညာရေးဌာန**
**၂၀၂၅ ခုနှစ် တစ်နှစ်တာလုပ်ငန်းဆောင်ရွက်မှု အစီရင်ခံခြင်း**



# ပညာရေးဌာန

၂၀၂၁ ခုနှစ် အာဏာသိမ်းမှုနောက်ပိုင်း ကရင်နီပြည်နယ်အတွင်း ကြုံတွေ့ခဲ့ရသော ပညာရေးစနစ် ပျက်သုဉ်းမှုများကို ကျော်လွှားရန် ဖက်ဒရယ်ဒီမိုကရေစီ ပညာရေးစနစ်ကို အကောင်အထည်ဖော်ရန်၊ CDM ဆရာ/မများ၏ အင်အားဖြင့် အရည်အသွေးရှိသော ပညာရေးဝန်ဆောင်မှုများ ပေးနိုင်ရန် အတွက် ပညာရေးဌာန၏ လုပ်ငန်းများကို အောက်ပါ ရည်ရွယ်ချက်များဖြင့် အကောင်အထည်ဖော်ခဲ့ပါသည်။

**ရည်ရွယ်ချက်များ**

၁။ ဖက်ဒရယ်ဒီမိုကရေစီ ပညာရေးစနစ်ကို အကောင်အထည်ဖော် ဆောင်ရွက်ရန်
၂။ ပညာရေးလွတ်လပ်ခွင့်နှင့် တန်းတူအခွင့်အရေးရရှိရန်
၃။ အာမခံချက်ရှိပြီး အရည်အသွေးရှိသော ပညာရေးစနစ်ကို ဖော်ဆောင်ရန်
၄။မိခင်ဘာသာစကားအခြေပြု၊ ဘာသာစကားစုံ တိုင်းရင်းသားဘာသာစကားအခြေပြု သင်ကြားရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရန်
၅။ လူတိုင်းအကျုံးဝင်၊ မသင်မနေရ၊ အခမဲ့အခြေခံပညာရေးစနစ်ကို ဖော်ဆောင်ရန်
၆။ ဗလ (၅) တန် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ရန်
၇။ အရည်အသွေးရှိသော ပညာရေးစနစ် ပေါ်ထွန်းလာရေးအတွက် အရည်အသွေးရှိသော သင်ရိုးညွှန်းတမ်း၊ သင်ကြားရေး စနစ်၊ စစ်ဆေးတိုင်းတာခြင်းနှင့် အရည်အသွေးရှိသော သင်ကြားရေး ဆရာ၊ ဆရာမများ ပေါ်ထွန်းလာစေရန်
၈။ ဖက်ဒရယ်နိုင်ငံတော် တည်ဆောက်ရေးအတွက် အရည်အသွေးရှိသော နိုင်ငံသားကောင်း၊ ခေတ်ပညာတတ် လူကောင်း လူတော်များ မွေးထုတ်ပေးရန်
၉။ လွတ်လပ်စွာ ကြောင်းကျိုးဆက်စပ် တွေးခေါ်စဉ်းစား တီထွင်ဆန်းစစ်ပြီး ပြဿနာများကို ကိုယ်တိုင်ဖြေရှင်းနိုင်သည့် ကျောင်းသားဗဟိုပြု သင်ကြားရေးစနစ်ကို ဖော်ဆောင်ရန်

## (က) အခြေခံပညာဌာနခွဲ

အခြေခံပညာရေးကဏ္ဍတွင် ကျောင်းဆောင်နှင့် အခြေခံအဆောက်အအုံ တည်ဆောက်ခြင်း၊ဖတ်စာအုပ်ထုတ်လုပ်ဖြန့်ဝေခြင်း၊မူဝါဒမူကြမ်းရေးဆွဲခြင်းနှင့် စွမ်းဆောင်ရည်မြင့်တင်ခြင်းနှင့် ဆရာ၊ဆရာမများထောက်ပံ့ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။ တစ်နှစ်တာအတွင်း ကျောင်း (၃၀) အတွက် ယင်လုံအိမ်သာများ ဆောက်လုပ်ခြင်း၊ မြို့နယ်တစ်မြို့နယ်လျှင် မိုးကာ (၁၀) ထည်စီ ထောက်ပံ့ခြင်း၊ ဆိုလာနှင့် မီးစက်များ တပ်ဆင်ပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

ထို့အတူ Clean Yangon နှင့်ပူးပေါင်း၍ KG မှ Grade 9 အထိ ဖတ်စာအုပ် (၁၀,၂၄၀) စုံ ဝယ်ယူဖြန့်ဝေခဲ့ပြီး၊ Grade 12 ဖတ်စာအုပ်များ (မြန်မာ၊ အင်္ဂလိပ်၊ သင်္ချာ၊ သိပ္ပံ၊ ဝိဇ္ဇာ ဘာသာရပ်စုံ) ထောင်ချီကို ကိုယ်တိုင်ပုံနှိပ်ထုတ်ဝေ၍ ကျောင်းများသို့ ဖြန့်ဝေပေးနိုင်ခဲ့ပါသည်။ ထို့အပြင် ကြားကာလ အခြေခံပညာလမ်းညွှန်စာအုပ်၊ ကျောင်းမှတ်ပုံတင်ခြင်း လမ်းညွှန်တို့ကို ရေးဆွဲခဲ့ပါသည်။ ဆရာ/မ စွမ်းရည်မြှင့်သင်တန်း (Pre-Service, In-Service) များကို ဆရာ/မ (၄၂၂) ဦး နှင့် ကျောင်းအုပ် (၉၂) ဦးတို့အား ပို့ချပေးနိုင်ခဲ့ပါသည်။

### ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်း၊ဆရာ/ဆရာမ၊ကျောင်းသူကျောင်းသားစာရင်း

**ကျောင်းသူ/သား စုစုပေါင်း - (၅၇,၅၈၀) ဦး**

**ထောက်ပံ့မှုပေးနိုင်ခဲ့သော ဆရာ၊ဆရာမ စုစုပေါင်း - (၄,၆၁၉) ဦး**

**အခြေခံပညာကျောင်းစုစုပေါင်း - (၄၇၀) ကျောင်း**

## (ခ) အဆင့်မြင့်ပညာရေးဌာနခွဲ

တက္ကသိုလ်နှင့် ကောလိပ်များ၏ Charter များ ရေးဆွဲနိုင်ရေး၊ အဆင့်မြင့်ပညာရေးကောင်စီ ဖွဲ့စည်းနိုင်ရေး အတွက် အလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်ခဲ့ပါသည်။ G-12 ကျောင်းသား (၅၂) ဦးကို Scholarship Certificate များ ပေးအပ်နိုင်ခဲ့ပြီး၊ နည်းပညာတက္ကသိုလ်၊ ဆေးကောလိပ်၊ သူနာပြုတက္ကသိုလ် စသည့်ကျောင်းများအတွက် အဆောက်အအုံနှင့် ရုံးသုံးပစ္စည်းများ ကူညီပံ့ပိုးခဲ့ပါသည်။

## (ဂ) သက်မွေးပညာဌာနခွဲ

သက်မွေးပညာကဏ္ဍ တွင် ကရင်နီလူမှုသိပ္ပံကောလိပ်၊ ကိန္နရီပညာရေးစင်တာ အစရှိသည့် ကျောင်းများအား သင်ထောက်ကူပစ္စည်းများ ပံ့ပိုးပေးခဲ့ပြီး၊ ကရင်နီပြည် နည်းပညာ၊ သက်မွေးပညာရေးနှင့် လေ့ကျင့်ရေးဆိုင်ရာ မူဝါဒ(မူကြမ်း) ကို ရေးဆွဲနိုင်ခဲ့ပါသည်။

# အဆင့်မြင့်ပညာရေးကို လက်လှမ်းမီသော ကျောင်းသူ၊ ကျောင်းသားဦးရေ

| | |
|---|---|
| ဖန်းဆော် တက္ကသိုလ် | ၈၅၁ဦး |
| နည်းပညာတက္ကသိုလ် | ၆၂ ဦး |
| ပညာရေး ဒီဂရီကောလိပ် | ၅၈ ဦး |
| ဆေးကောလိပ် | ၆၄ ဦး |
| သူနာပြု တက္ကသိုလ် | ၁၈ ဦး |
| ကရင်နီဥပဒေကောလိပ် | ၂၆ ဦး |
| Level Up College | ၇၇ ဦး |
| Seh Theh College | ၁၉၂ ဦး |
| Karenni National College | ၂၅၈ဦး |
| ကရင်နီလူမှုရေးသိပ္ပံကောလိပ် | ၄၀ ဦး |
| စုစုပေါင်း | ၁၈၉၅ ဦး |



## အသက်မွေးဝမ်းကြောင်းပညာရေး လက်လှမ်းမီသော ကျောင်းသူ၊ ကျောင်းသားဦးရေ

| | |
|---|---|
| ကိန္နရီပညာရေးစင်တာ | ၉၇ဦး |
| Crochet of Karenni | ၄၈ ဦး |
| Kay Phoe Du Learning | ၃၀ ဦး |
| Set of Sept Youth learning Center | ၂၅ဦး |
| စုစုပေါင်း | ၂၀၀ ဦး |

ပညာရေးဌာနသည် ကလေးဘေးကင်းလုံခြုံရေး (Child Safeguarding)နှင့် ကလေးများ ဘေးကင်းလုံခြုံစွာ ပညာသင်ယူနိုင်ရေးအတွက် မိတ်ဖက်အဖွဲ့များဖြစ်သော STF, Save the Children/MEC တို့နှင့် ပူးပေါင်းဆောင်ရွက်ခဲ့ပါသည်။၂၀၂၅ ခုနှစ် ဇွန်လမှ ဒီဇင်ဘာလအတွင်း ဖြစ်ပွားခဲ့သော ကလေးသူငယ်ဆိုင်ရာ အမှုအခင်း (၄) မှုအား သက်ဆိုင်ရာ တရားရေးနှင့် ရဲတပ်ဖွဲ့တို့နှင့် ပူးပေါင်းဖြေရှင်းဆောင်ရွက်နိုင်ခဲ့ပါသည်။

ဝန်ထမ်းများ၊ ကျောင်းအုပ်ချုပ်ရေးကောင်စီများနှင့် ဆရာ/မများအား Child Safeguarding Code of Conduct (CSG COC) လက်မှတ်ရေးထိုးခြင်းကို တစ်ပြည်နယ်လုံးအတိုင်းအတာဖြင့် ဆောင်ရွက်ခဲ့ရာ ဆရာ/မပေါင်း (၄,၄၁၃) ဦး လက်မှတ်ရေးထိုးပြီးဖြစ်ပါသည်။

ကွန်ယက်တည်ဆက်မှုနှင့်စပ်လျင်း၍ နိုင်ငံတကာဆက်ဆံရေး နိုင်ငံတကာအဖွဲ့အစည်းများ (EU, World Bank, UNESCO, UNICEF, etc.) နှင့် တွေ့ဆုံ၍ ကရင်နီပညာရေးကဏ္ဍကို တင်ပြဆွေးနွေးခဲ့သလို၊ တိုင်းရင်းသားပညာရေးမဟာမိတ်အဖွဲ့များ (ESLC) တွင်လည်း ဥက္ကဋ္ဌတာဝန်ရယူကာ ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ STF, Pink Jade, RISE စသည့် အဖွဲ့များနှင့် MOU ရေးထိုး၍ ပညာရေးလုပ်ငန်းများကို အကောင်အထည်ဖော်ခဲ့ပါသည်။

ပညာရေးဌာနသည် ၂၀၂၅ ခုနှစ်အတွင်း နိုင်ငံတကာနှင့် ချိတ်ဆက်ဆောင်ရွက်မှုများ၊ မူဝါဒပိုင်းဆိုင်ရာနှင့် ကျောင်းသားဗဟိုပြု ပညာရေးစနစ် ဖော်ဆောင်မှုများတွင် အောင်မြင်မှုများ ရရှိခဲ့ပါသည်။ ရှေ့ဆက်၍လည်း ဖက်ဒရယ်ဒီမိုကရေစီ ပညာရေးစနစ် ပေါ်ထွန်းလာရေးအတွက် ပြည်တွင်းပြည်ပ အလှူရှင်များ၊ ပညာရေးအစုအဖွဲ့များနှင့် လက်တွဲ၍ အကောင်းဆုံး ကြိုးစားဆောင်ရွက်သွားမည် ဖြစ်ပါသည်။

ဆက်သွယ်ရန် - Email: IEC_dept.edu@protonmail.com
Signal Number: +66951903049
Facebook: https://www.facebook.com/ieckarenni.doe/

# ကရင်နီပြည်ကြားကာလအုပ်ချုပ်ရေးကောင်စီ
# ကျန်းမာရေးဌာန

### ၂၀၂၅ ခုနှစ် တစ်နှစ်တာလုပ်ငန်းဆောင်ရွက်မှု အစီရင်ခံခြင်း



## ကျန်းမာရေးဌာန

ကျန်းမာရေးဌာနသည် ကရင်နီပြည်သူလူထုတစ်ရပ်လုံး လက်လှမ်းမီသော ကျန်းမာရေးစောင့်ရှောက်မှုစနစ် ရရှိစေရန် ရည်ရွယ်၍ ကုသရေး၊ ပြည်သူ့ကျန်းမာရေးနှင့် ရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိပါသည်။ ၂၀၂၅ ခုနှစ်အတွင်း ကရင်နီပြည်တွင်း ကျန်းမာရေးဝန်ဆောင်မှုပေးနေသော အဖွဲ့အစည်းများ၊ ဒေသန္တရအုပ်ချုပ်ရေးအဖွဲ့များနှင့် ပူးပေါင်းကာ အောက်ပါဝန်ဆောင်မှုများကို ပေးစွမ်းနိုင်ခဲ့ပါသည်။

### (က) ကုသရေးဌာနခွဲ

ကုသရေးဌာနခွဲမှ ဆေးရုံအဆင့် ကုသရေးဝန်ဆောင်မှုများတွင် အောက်ပါအတိုင်း ကုသပေးနိုင်ခဲ့ပါသည်-

လူနာဦးရေ - ပြင်ပလူနာအသစ် (၁၀,၆၁၈) ဦးနှင့် လူနာဟောင်းအပါအဝင် စုစုပေါင်း (၂၃,၄၁၀) ဦးကို ကုသပေးနိုင်ခဲ့ပါသည်။

အတွင်းလူနာ - ဆေးရုံတင်ထားရသော အတွင်းလူနာ (In-patients) ပေါင်း (၃,၈၆၅) ဦး ရှိခဲ့ပါသည်။

ခွဲစိတ်ကုသမှု - အကြီးစား ခွဲစိတ်မှု (Major Surgeries) (၈၅၅) ကြိမ်နှင့် အသေးစားခွဲစိတ်မှု (Minor Surgeries) (၁,၁၀၆) ကြိမ် ပြုလုပ်နိုင်ခဲ့ပါသည်။

သားဖွားခွဲစိတ်မှု - ခွဲစိတ်မွေးဖွားခြင်း (LSCS) (၂၄၄) ကြိမ် ဆောင်ရွက်နိုင်ခဲ့ပါသည်။

### ပဏာမ ကျန်းမာရေးဝန်ဆောင်မှု လုပ်ငန်း




### (ခ) ပြည်သူ့ကျန်းမာရေးဌာနခွဲ

ပြည်သူ့ကျန်းမာရေးဌာန (Primary Health Care) အခြေခံကျန်းမာရေးစောင့်ရှောက်မှုအနေဖြင့် ကျေးလက်ဒေသများနှင့် စစ်ဘေးရှောင်စခန်းများအရောက် အောက်ပါအတိုင်း ဝန်ဆောင်မှုပေးခဲ့ပါသည်-

- **ဆေးခန်းပြသသူ** - ပုံသေဆေးခန်း (Fixed Clinic) များတွင် လူနာပေါင်း (၉၂,၅၇၇) ဦး လာရောက်ပြသခဲ့ပါသည်။
- **နယ်လှည့်ဆေးကုသမှု** - Mobile ဆေးကုသရေးအဖွဲ့များဖြင့် လူနာပေါင်း (၄၃,၄၇၄) ဦးကို ကုသပေးနိုင်ခဲ့ပါသည်။
- **လွှဲပြောင်းလူနာ** - အဆင့်မြင့်ဆေးကုသမှုခံယူရန် လိုအပ်သော လူနာ (၁,၉၃၈) ဦးကို သက်ဆိုင်ရာ ဆေးရုံများသို့ လွှဲပြောင်း (Referral) ပေးနိုင်ခဲ့ပါသည်။

## (ဂ) မိခင်နှင့်ကလေးကျန်းမာရေးစောင့်ရှောက်မှု

မိခင်နှင့်ကလေးကျန်းမာရေးစောင့်ရှောက်မှု (MNCH) မိခင်နှင့်ကလေး သေဆုံးမှုလျော့ချရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုအတွက် ကိုယ်ဝန်ဆောင်မိခင် (AN Visits) စုစုပေါင်း (၁၀,၁၅၄) ကြိမ် ကြည့်ရှုစစ်ဆေးပေးနိုင်ခဲ့ပြီးရိုးရိုးမွေးဖွားခြင်း (Vaginal Deliveries) (၁,၇၁၄) ဦးနှင့် ခွဲစိတ်မွေးဖွားခြင်း (LSCS) (၂၄၄) ဦး ရှိခဲ့ပါသည်။ မိခင်သေဆုံးမှု (၁) ဦး၊ မွေးကင်းစကလေးသေဆုံးမှု (၂၄) ဦးနှင့် အသက် (၅) နှစ်အောက် ကလေးသေဆုံးမှု (၁၄) ဦး ရှိခဲ့ပါသည်။ ကိုယ်ဝန်ပျက်ကျသူ (Abortions) (၁၇၃) ဦး ရှိခဲ့ပါသည်။

### မိခင်ကလေးကျန်းမာရေး

- ကိုယ်ဝန်ဆောင် (၁၀,၁၅၄) ဦး
- ရိုးရိုးမွေးဖွားခြင်း (၁,၇၁၄) ဦး
- ကိုယ်ဝန်ပျက်ကျခြင်း (၁၇၃) ဦး
- မွေးကင်းစကလေးသေဆုံး - ၂၄ ဦး
  ၅ နှစ်အောက်ကလေးသေဆုံး - ၁၄ ဦး

### အခြေခံကျန်းမာရေးစောင့်လျောက်မှု အချက်အလက်များ

- ပုံသေဆေးခန်းပြလူနာ (၉၂,၅၇၇) ဦး
- နယ်လှည့် ဆေးကုသ လူနာ (၄၃,၄၇၄) ဦး
- လွှဲပြောင်း လူနာ (Referal ) (၁,၉၃၈) ဦး

## ပြန်လည်ထူထောင်ရေးနှင့် ခြေတုဝန်ဆောင်မှု

Rehab စင်တာတွင် လူနာသစ် (၅၂) ဦးနှင့် လူနာဟောင်း (၂၂) ဦးကို ဝန်ဆောင်မှုပေးခဲ့ပါသည်။ခြေတုလိုအပ်သူ (၅၂) ဦးကို အသစ်တပ်ဆင်ပေးနိုင်ခဲ့ပြီး၊ (၂) ဦးကို ပြုပြင်ပေးနိုင်ခဲ့ပါသည်။

## မွေးစာရင်းထုတ်ပေးခြင်း

မွေးစာရင်းထုတ်ပေးခြင်း မြို့နယ် (၁၂) မြို့နယ်တွင် ကျန်းမာရေးတာဝန်ခံများမှ မွေးလက်မှတ်များကို ထုတ်ပေးနိုင်ခဲ့ပါသည်။ စုစုပေါင်း မွေးလက်မှတ်ထုတ်ပေးထားရှိမှုမှာ ဖယ်ခုံမြို့နယ်တွင် (၂,၁၅၉) စောင်ဖြင့် အများဆုံးဖြစ်ပြီး၊ ဒီးမော့ဆို(အရှေ့)၊ ဒီးဘောင်းခူ၊ လွိုင်နန်းဖ စသည့်မြို့နယ်များ အပါအဝင် ကရင်နီတစ်ပြည်လုံးအတိုင်းအတာဖြင့် ဆောင်ရွက်နိုင်ခဲ့ပါသည်။

ဆက်သွယ်ရန် - Email:iechealthoffice23@gmail.com
Signal Number: +66612983805,
Facebook: https://www.facebook.com/ieckarenni.doh/



# လူသားချင်းစာနာထောက်ထားရေးနှင့်ပြန်လည်ထူထောင်ရေးဌာန

လူသားချင်းစာနာထောက်ထားရေးနှင့် ပြန်လည်ထူထောင်ရေးဌာနကို၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ (၇) ရက်တွင် စတင်ဖွဲ့စည်းခဲ့ပြီး ကြားကာလအတွင်း ကရင်နီပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်၊ ဘဝရှင်သန်လုံခြုံရေး၊ တရားဥပဒေစိုးမိုးမှုတည်ဆောက်ရေး၊ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများနှင့် အရေးပေါ်လိုအပ်ချက်များကို အချိန်နှင့်တပြေးညီ ဖြည့်ဆည်း တုံ့ပြန်ဆောင်ရွက်နိုင်ရေးတို့အတွက် ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ ထို့အပြင်
(က) ကရင်နီပြည် လူထုတစ်ရပ်လုံးအနေဖြင့် လူ့ဂုဏ်သိက္ခာနှင့်အညီ အခြေခံဝန်ဆောင်မှုများနှင့် ကာကွယ်စောင့်ရှောက်မှုများ ရရှိစေရန်။
(ခ) အခြေခံဝန်ဆောင်မှုများကို အချိန်နှင့်တပြေးညီ ပံ့ပိုးကူညီနိုင်ရန်အတွက် လိုအပ်သည့် အရင်းအမြစ်များအား ရှာဖွေစုဆောင်းခြင်း၊ ချိတ်ဆက်ပူးပေါင်းဆောင်ရွက်ခြင်းတို့ကို စနစ်တကျ လုပ်ဆောင်နိုင်ရန်။
(ဂ) ဌာနအနေဖြင့် ပီပြင်စွာ ဖြစ်ပေါ်လာရေးနှင့် လူထုလိုအပ်ချက်များကို အရည်အသွေးပြည့်မှီစွာ ဝန်ဆောင်မှုပေးနိုင်ရန်။
စသည့် ရည်ရွယ်ချက်များဖြင့် လုပ်ငန်းများအား ဆောင်ရွက်ခဲ့ပါသည်။

## (က) လူသားချင်း စာနာထောက်ထားမှုဆိုင်ရာတုံ့ပြန်ဆောင်ရွက်ခြင်း

၂၀၂၅ ခုနှစ်အတွင်း အရေးပေါ်ကူညီမှုနှင့် ရိက္ခာဖြန့်ဝေရန်အတွက် ရိက္ခာများ အလေအလွင့်မရှိစေရန်နှင့် အချိန်မီဝန်ဆောင်မှုပေးနိုင်ရန် မြို့နယ် ၇ ခုတွင် ဂိုဒေါင် ၈ လုံး တည်ဆောက်ထားရှိပြီး မြို့နယ် ၁၁ ခုရှိ စစ်ဘေးရှောင်စခန်း (၃၅၆) ခုမှ လူဦးရေ ၇၄,၉၄၈ ဦး အိမ်ခြေ (၁၇,၇၆၉) ထံသို့ စားနပ်ရိက္ခာနှင့် အမိုးအကာများ ဖြန့်ဝေနိုင်ခဲ့သည်။ စစ်ရေးအခြေအနေကြောင့် အရေးပေါ် ရွှေ့ပြောင်းရသူ (၁၁,၇၄၅) ဦးအတွက် အမိုးအကာ၊ အိမ်သာခွက်နှင့် အခြေခံအစားအစာများကို ထောက်ပံ့ပေးခဲ့သည်။ ထို့အတူ ဖယ်ခုံ၊ ဒီးဘောင်ခူ၊ လွိုင်နန်းဖနှင့် ဒီးမော့ဆိုမြို့နယ်တို့တွင် နေရပ်စွန့်ခွာရသူ အိမ်ထောင်စု ၂၀၀ အတွက် ယာယီခိုလှုံရာ တဲများကိုဆောက်လုပ်ပေးခဲ့သည်။ ထို့အပြင် နွေရာသီအတွင်း ရေရှားပါးမှုဒဏ် ခံရသော ကျေးရွာ/စခန်း ၈၁ ခုရှိ လူဦးရေ (၃၁,၀၅၃) ဦးအတွက် သောက်သုံးရေ ဖြန့်ဝေပေးခဲ့သည်။ မိမိဆန္ဒအလျောက် နေရပ်ပြန်လိုသည့် အိမ်ထောင်စု (၉၄ )စု လူဦးရေ (၃၆၈)ဦးအတွက် DoHR နှင့် ပြည်ထဲရေးဌာနတို့ ပူးပေါင်း၍ လိုအပ်သော အချက်အလက်စုဆောင်းခြင်းနှင့် ကူညီဆောင်ရွက်မှုများ ပြုလုပ်ခဲ့သည်။

## စားနပ်ရိက္ခာနှင့် အမိုးအကာများ ဖြန့်ဝေနိုင်ခဲ့သော အချက်အလက်



လူဦးရေ - (၇၄,၉၄၈ )ဦး
အိမ်ခြေ - (၁၇,၇၆၉)အိမ်
စစ်ဘေးရှောင်စခန်း - (၃၅၆) ခု

## သောက်သုံးရေ ဖြန့်ဝေပေးခြင်း



ကျေးရွာ/စခန်း - ၈၁ ခု
လူဦးရေ - (၃၁,၀၅၃) ဦး

## မိမိဆန္ဒအလျောက် နေရပ်ပြန်လိုသည့်အိမ်ထောင်စုနှင့်လူဦးရေ



အိမ်ထောင်စု - (၉၄ )စု
လူဦးရေ- (၃၆၈)ဦး

## ၂၀၂၅ ခုနှစ်၊ ဇူလိုင်လအထိ ကရင်နီပြည်နယ်အတွင်း နေရပ်စွန့်ခွာသူများ၏ စာရင်း

| စဥ် | မြို့နယ် | အိမ်ထောင်စု | စုစုပေါင်းလူဦးရေ |
|---|---|---|---|
| ၁ | ဖယ်ခုံ (Pekon) | ၁၂,၁၇၆ | ၄၅,၈၁၄ |
| ၂ | ဒီးမော့ဆို (Demoso) | ၁၁,၀၆၉ | ၄၃,၄၁၈ |
| ၃ | လွိုင်ကော် (Loikaw) | ၃,၉၂၇ | ၁၇,၄၇၆ |
| ၄ | ဖရူဆို (Hpruso) | ၃,၇၇၉ | ၁၅,၉၆၀ |
| ၅ | မယ်စဲ့ (Mese) | ၃,၄၈၇ | ၁၄,၃၂၄ |
| ၆ | ရှားတော (Shadaw) | ၉၇၆ | ၄,၇၅၆ |
| ၇ | ဖာဆောင်း (Hpasawng) | ၅၀၇ | ၁,၉၀၄ |
| ၈ | **စုစုပေါင်း** | **၃၅,၉၂၁** | **၁၄၃,၆၅၂** |

## (ခ) ကရင်နီပြည် နေရပ်စွန့်ခွာရသူများ (IDP) ဆိုင်ရာ အချက်အလက် ကောက်ယူခြင်း

ကရင်နီပြည်အတွင်း စစ်မီးတောက်လောင်မှုနှင့် သဘာဝဘေးအန္တရာယ်များကြောင့် နေရပ်စွန့်ခွာရသူ လူဦးရေမှာ ၂၀၂၄ ခုနှစ်တွင် (၁၂၆,၁၂၄) ဦး ရှိခဲ့ရာမှ ၂၀၂၅ ခုနှစ် ဇွန်လတွင် (၁၄၃,၆၅၂) ဦးအထိ တိုးတက်လာခဲ့သည်။ ၎င်းသည် လူဦးရေ (၁၇,၀၀၀) ကျော် ထပ်မံတိုးပွားလာခြင်းဖြစ်ပြီး လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေး အတွက် စိန်ခေါ်မှုတစ်ရပ်ဖြစ်ပါသည်။ ကောက်ခံရရှိသော အချက်အလက်များအရ ထိခိုက်လွယ်သောအုပ်စုများဖြစ်သော အမျိုးသမီး (၇၂,၂၉၃) ဦး၊ အသက် ၂ နှစ်အောက် ကလေးငယ် (၃,၁၀၁) ဦး၊ အသက် ၆၀ အထက် သက်ကြီးရွယ်အို (၉,၄၈၂) ဦး နှင့် မသန်စွမ်းသူ (၁,၄၅၂) ဦး တို့ ပါဝင်နေပါသည်။ထိခိုက်လွယ်သောအုပ်စုများ အထူးသဖြင့် ကလေးငယ် နှင့် သက်ကြီးရွယ်အို တိုးပွားလာခြင်းသည် လူသားချင်းစာနာမှု အကူအညီဖြန့်ဝေမှုတွင် အာဟာရနှင့် ဆေးဝါး လိုအပ်ချက်များပိုမိုများပြားနေသည်ကို ဖော်ပြနေပါသည်။

## (ဂ) အရပ်သားဘေးကင်းလုံခြုံရေးနှင့် EWER လုပ်ငန်းစဉ်

စစ်ပဋိပက္ခနှင့် သဘာဝဘေးအန္တရာယ် ဆက်စပ်မှုများကြောင့် ရပ်ရွာလူမှုအသိုင်းအဝန်းတွင်အရပ်သားဘေးကင်း ဘေးအန္တရာယ်လျော့ပါးသက်သာရွေးနှင့် လုံခြုံမှုရိပ်ဝန်းတည်ဆောက်ရေးတွင် အရေးပါသည့် EWER( Early Warning EarlyResponse) ကနဦးသိရှိခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်း အသိပညာပေး စီမံကိန်းအားဒီးဘောင်းခူမြို့နယ်တွင် လွိုင် နန်းမြို့နယ်၊ ဒီးမော့ဆို (ရှေ့)မြို့နယ်၊ ဖယ်ခုံမြို့နယ်နှင့်နန်းမယ်ခုံမြို့နယ်တို့တွင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။ First Aid Training for teachers, EWER Awareness for teachers and Students, EWER Awareness for Communities, EWER Awareness for Hospital စသည့်သင်တန်းခေါင်းစဉ်များဖြင့် သင်တန်းစုစုပေါင်း (၅၀) ကြိမ်တွင် လူဦးရေ (၂,၃၄၀)ဦး လွမ်းခြုံဖော်ဆောင်နိုင်ခဲ့သည်။ ဆရာ၊ ကျောင်းသားနှင့် ပြည်သူ ၂,၃၄၀ ဦးအား သင်တန်း ၅၀ ကြိမ် ပေးခဲ့သည်။စာသင်ကျောင်းနှင့် ဆေးရုံများအတွက် **ဗုံးခိုကျင်း ၂၀ ကျင်း** တည်ဆောက်ပေးခဲ့ပြီး လေကြောင်းအန္တရာယ် ဆိုင်ရာ လေ့ကျင့်မှုများ ဆောင်ရွက်ခဲ့သည်။


လူသားချင်းစာနာထောက်ထားရေးနှင့် ပြန်လည်ထူထောင်ရေးဌာန သည် ၂၀၂၅ ခုနှစ် တစ်နှစ်တာအတွင်းမူဝါဒ နှင့် မဟာဗျူဟာများကို မြို့နယ်အဆင့်အထိ လက်တွေ့ကျကျ ဖော်ဆောင်နိုင်ခြင်းEWER ကြိုတင်သတိပေးစနစ်ကို အရပ်ဘက်အဖွဲ့အစည်းများနှင့် ချိတ်ဆက်၍ ထိရောက်စွာ အသုံးပြုနိုင်ခြင်းပံ့မှန်ထောက်ပံ့မှု မရှိသည့်ကြားမှ လိုအပ်ချက် ရှိသူများထံ အကူအညီများ အရောက်ပို့နိုင်ခြင်း စသည့် လုပ်ငန်းအောင်မြင်မှုများကို ဆောင်ရွက်ရာတွင် ဝန်ထမ်းများ တစ် ဦးချင်းအပါအဝင် လူထုများ၏ ပူးပေါင်းပါဝင်မှုဖြင့် ပြည်သူ့ဝန်ဆောင်မှုများကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန် စတင် ဖွဲ့စည်းသည့်အချိန်မှစ၍ မူဝါဒများနှင့် မဟာဗျူဟာများ ချမှတ်၍ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ခဲ့ပါသည်။ သက်ဆိုင်ရာ ပါဝင်ပတ်သက်သူများနှင့် အခါအားလျော်စွာ တွေ့ဆုံဆွေးနွေးမှုများပြုလုပ်ပြီး လက်တွေ့ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ဆက်သွယ်ရန် - Email:IEC_dept.humanitarian@protonmail.com
Signal no:+66 955751315
Facebook: https://www.facebook.com/ieckarenni.dohr/

ကရင်နီပြည်ကြားကာလအုပ်ချုပ်ရေးကောင်စီ

စီမံကိန်း၊ ဘဏ္ဍာရေးနှင့် အခွန်ဌာန

၂၀၂၅ ခုနှစ်ဘဏ္ဍာရေးနှစ် တစ်နှစ်တာလုပ်ငန်းဆောင်ရွက်မှု အစီရင်ခံခြင်း



# စီမံကိန်း၊ဘဏ္ဍာရေးနှင့်အခွန်ဌာန

စီမံကိန်း၊ ဘဏ္ဍာရေးနှင့် အခွန်ဌာနသည် အုပ်ချုပ်ရေးယန္တရားများ လည်ပတ်နိုင်ရန်နှင့် ပြည်သူ့ဝန်ဆောင်မှုများ ပေးဆောင်နိုင်ရန်အတွက် နှစ်အလိုက် လိုအပ်သောဘဏ္ဍာငွေ သို့မဟုတ် အဆိုပြု ရသုံးမှန်းခြေငွေ (Budget Proposal)ကို ပြုစုတင်ပြခြင်း၊ ကရင်နီပြည် အခွန်၊ အခနှင့် အကောက်ခွန် (Tax, Fee and Customs Duty) ကောက်ခံခြင်းတို့ကို တာဝန်ယူဆောင်ရွက် လျက်ရှိပါသည်။ အခွန်ဥပဒေ မပြဋ္ဌာန်းနိုင်မီ အခွန်စည်းကြပ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း(Terms of Reference)ကို ကိုင်စွဲ၍ ကရင်နီပြည် ကြားကာလအုပ်ချုပ်ရေးကောင်စီ(IEC)နှင့် ကရင်နီပြည် တပ်ပေါင်းစုံတို့ (၃)လတစ်ကြိမ် အခွန်ဆိုင်ရာကိစ္စရပ်များ၊ လုံခြုံရေးနှင့် တပ်ပေါင်းစုဂိတ်များ၏ စီမံခန့်ခွဲမှုလုပ်ငန်းများတွင် ညှိနှိုင်းဆွေးနွေးလျက် ဆုံးဖြတ်ချက်များ၊ ရှေ့လုပ်ငန်းစဉ်များအား ချမှတ်အကောင်အထည်ဖော်ခြင်းများကို ပူးပေါင်းလုပ်ဆောင်လျက်ရှိပါသည်။ ယခုနှစ်ကုန်တွင် ကရင်နီပြည်အတိုင်ပင်ခံကောင်စီ(KSCC)မှ ကရင်နီပြည်၏ အခွန်အကောက်မူဝါဒကို ထုတ်ပြန်ခဲ့ပြီး ဖြစ်ပါသည်။

## ၂၀၂၅ခုနှစ် စီမံကိန်းလုပ်ငန်းများ




**၇**

**စီမံကိန်း (၇) ခု**

၂၀၂၅ ခုနှစ်အတွင်း ဖွံ့ဖြိုးရေးလုပ်ငန်း စီမံကိန်းပေါင်း ၇ ခုကို အကောင်အထည်ဖော်ခဲ့သည်။



**၄၀၉,၆၉၈,၇၀၀**

**စုစုပေါင်းတန်ဖိုး (ကျပ်)**

စီမံကိန်းများအတွက် စုစုပေါင်း ရန်ပုံငွေ ကျပ် (၄၀၉) သန်းကျော် အသုံးပြုခဲ့သည်။

ကရင်နီ ပြည်ကြားကာလအုပ်ချုပ်ရေးကောင်စီအနေဖြင့် အကောင်အထည်ဖော်ရမည့် ကရင်နီ ပြည်ကြား ကာလ အစီအမံ အခန်း(၄)၌ ကဏ္ဍအလိုက်အခြေခံမူ(၉)ချက်မှ ဒေသန္တရအုပ်ချုပ်ရေး အဖွဲ့နှင့်အတူ အောက်ခြေမှအစပြု၍ အထက်အဆင့်ဆင့်သို့ ရေးဆွဲသည့်(Bottom-up Participatory Planning) စီမံကိန်းများအဖြစ် အောက်ပါကဏ္ဍများအား အကောင်အထည်ဖော်လျက်ရှိပါသည်။-

(၁) အမျိုးသမီးနှင့် ကလေးသူငယ်ရေးရာကဏ္ဍ

(၂) လူငယ်အခွင့်အရေးဆိုင်ရာကဏ္ဍ

(၃) လူသားချင်းစာနာထောက်ထားမှုနှင့် စစ်ဘေးဒုက္ခသည်များဆိုင်ရာကဏ္ဍ

(၄) ပညာရေးဆိုင်ရာကဏ္ဍ


(၅) ကျန်းမာရေးဆိုင်ရာကဏ္ဍ

(၆) မသန်စွမ်းနှင့် သက်ကြီးရွယ်အိုများဆိုင်ရာကဏ္ဍ နှင့်

(၇) လတ်တလောအရေးပေါ်လိုအပ်ချက်ကဏ္ဍ

ပြည်သူ့ဘဏ္ဍာရန်ပုံငွေသုံးစွဲမှု ပွင့်လင်းမြင်သာစွာ တာဝန်ယူမှု၊ တာဝန်ခံမှုဖြင့် စနစ်တကျ ဖြစ်စေရန် ကရင်နီပြည်ကြားကာလ ဘဏ္ဍာရေးဆိုင်ရာမူဝါဒ (Financial Management Policy) အား ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလတွင် အတည်ပြုခဲ့ပြီးနောက် ပြန်လည်ပြင်ဆင် ဖြည့်စွက်ထားသည့် ဘဏ္ဍာရေးစီမံခန့်ခွဲမှုစည်းမျဉ်း(မူကြမ်း) (Financial Management Regulation-FMR) ကို အတည်ပြုနိုင်ရန် ဆောင်ရွက်လျက်ရှိပါသည်။

**၂၀၂၅ ခုနှစ်အတွင်း စုစုပေါင်းဝင်ငွေ ရာခိုင်နှုန်း**





## (က) စီမံကိန်းဌာနခွဲ

စီမံကိန်းဌာနခွဲမှဒေသန္တရစီမံကိန်း ရေးဆွဲခြင်း၊စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ခြင်း နှင့် ဒေသန္တရစီမံကိန်းရေးဆွဲခြင်းဆိုင်ရာ စွမ်းရည်မြှင့်တင်ရေးသင်တန်းများကို ဆောင်ရွက်နိုင်ခဲ့ပါသည်။ ကေးလျား၊ ဒီးမော့ဆို(အရှေ့)၊ဖွံ့ဘော်ခွတ်၊ ဟိုယာ နှင့် ဟူဘော စသည့် မြို့နယ် (၅) ခုတွင် ဒေသန္တရစီမံကိန်းများ ရေးဆွဲနိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်ခဲ့ပါသည်။၂၀၂၅ ခုနှစ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစီမံကိန်း (၇) ခုကို စုစုပေါင်းတန်ဖိုး ငွေကျပ် (၄၀၉,၆၉၈,၇၀၀) ဖြင့် အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပါသည်။ ယင်း လုပ်ငန်းများမှာမယ်စဲ့နမ် သစ်သားတံတားတည်ဆောက်ခြင်း နတ်တောင်လမ်းခွဲ-ထူးချောင်းလမ်း (၃) မိုင် ပြုပြင်ခြင်း၊တရားရေးမဏ္ဍိုင်အတွက် ရုံးဆောက်လုပ်ခြင်း၊နှင့် BP-13 လမ်းပိုင်း အရေးပေါ်ပြုပြင်ခြင်း တို့ဖြစ်ပါသည်။

## (ခ) ဘဏ္ဍာရေးဌာခွဲ

ဘဏ္ဍာရေးဌာနခွဲသည် ဘဏ္ဍာငွေစီမံခန့်ခွဲမှု စနစ်ကျစေရန် ဘတ်ဂျက်ရေးဆွဲခြင်း၊ဘတ်ဂျက်ခွဲဝေခြင်း၊ ကွင်းဆင်းဆောင်ရွက်ခြင်းတို့ကိုဆောင်ရွက်ခဲ့ပါသည်။**၂၀၂၅ ခုနှစ် ကရင်နီပြည် သုံးမှန်းခြေကို ဝင်ငွေအနေဖြင့် (၁၀၄,၃၆၇,၄၈၂)ဘတ် ရရှိရန်နှင့် အသုံးစရိတ် ဘတ် (၃၃၇,၅၈၇,၉၈၉) ဘတ် သုံးစွဲရန် ကရင်နီပြည်ကြားကာလွှတ်တော်က အတည်ပြုခဲ့ပါသည်။၂၀၂၅ခုနှစ် ဌာနနှင့်အဖွဲ့အစည်းများအား စုစုပေါင်း ရန်ပုံငွေ (၇၂၉၁၈,၈၂၁) ဘတ်ခွဲဝေချထားပေးခဲ့ပါသည်။** မြို့နယ်အုပ်ချုပ်ရေးကောင်စီများ၏ လစဉ်ရုံးသုံးစရိတ်နှင့် ဒေသဖွံ့ဖြိုးရေးဘတ်ဂျက် လျာထားခြင်း၊ စာရင်းရေးသွင်းခြင်းများကို လည်းကွင်းဆင်းဆောင်ရွက်ခဲ့ပါသည်။




## (ဂ)အခွန်ဌာနခွဲ

အခွန်ဌာနခွဲ (Taxation Department) အခွန်ဌာနခွဲသည် ဘဏ္ဍာငွေရရှိရေးအတွက် အဓိက မောင်းနှင်အားဖြစ်ပြီး အခွန်နှင့်သက်ဆိုင်သော လုပ်ငန်းများဖြစ်သော အခွန်မူဝါဒရေးဆွဲခြင်း၊ အခွန်နှုန်းထားသတ်မှတ်ခြင်း၊ အခွန်ကောက်ခံခြင်းလုပ်ငန်းတို့ကိုဆောင်ရွက်ခဲ့ပါသည်။**၂၀၂၅ ခုနှစ်အတွင်း အခွန်ကောက်ခံမှုမှ ရရှိသော ဝင်ငွေစုစုပေါင်း (၂၅၅,၅၄၆,၂၀၂.၅) ကျပ် နှင့် (၆၇,၂၉၇,၄၆၄.၃၈) ထိုင်းဘတ် ရရှိခဲ့ပါသည်။**

ဆက်သွယ်ရန် - Email: IEC_dept.pft@protonmail.com
Signal Number: +66612983805,
Facebook: https://www.facebook.com/ieckarenni.dopft/

ကရင်နီပြည်ကြားကာလအုပ်ချုပ်ရေးကောင်စီ
တရားရေးဌာန
၂၀၂၅ ခုနှစ် တစ်နှစ်တာလုပ်ငန်းဆောင်ရွက်မှု အစီရင်ခံခြင်း



# တရားရေးဌာန

တရားရေးဌာနသည် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးမဏ္ဍိုင်တို့ကို အထောက်အကူပြုရန်၊ တရားဥပဒေစိုးမိုးရေးကို အကောင်အထည်ဖော်ဆောင်ရွက်ရန်နှင့် ပြည်သူများ လက်လှမ်းမီသည့် တရားမျှတသော တရားစီရင်ရေးစနစ် ဖော်ဆောင်နေပြီး၊ (က) လွတ်လပ်၍ တရားမျှတသော တရားစီရင်ရေးမဏ္ဍိုင်တစ်ခု ဖော်ဆောင်ရာတွင် အထောက်အကူပြုနိုင်ရန်။ (ခ) ဥပဒေနှင့်အညီ လွတ်လပ်စွာ တရားစီရင်ရာတွင် အထောက်အကူပြုနိုင်ရန်။ (ဂ) ပြည်သူလူထု၏ ဥပဒေပါ အခွင့်အရေးများ ရရှိစေရန်။ (ဃ) တရားဥပဒေစိုးမိုးရေးကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အထောက်အကူပြုနိုင်ရန် စသည့် ရည်မှန်းချက်များ အတိုင်း တရားရေးဆိုင်ရာလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

## (က)ဥပဒေရေးရာကြီးကြပ်မှုဌာနခွဲ

ဥပဒေရေးရာကြီးကြပ်မှုဌာနခွဲ တရားဥပဒေစိုးမိုးရေးနှင့် ဥပဒေအကြံပေးရေးလုပ်ငန်းများအတွက် ပြည်နယ်ဥပဒေရုံး (၁) ရုံး၊ ခရိုင်ဥပဒေရုံး (၂) ရုံးနှင့် မြို့နယ်ဥပဒေရုံး (၈) ရုံး ဖွင့်လှစ်ဆောင်ရွက်လျက်ရှိပါသည်။၂၀၂၅ ခုနှစ်အတွင်း အမှုပေါင်း (၁၅၃) ကို လက်ခံဆောင်ရွက်ခဲ့ပြီး ပြီးပြတ်မှု (၁၄၀) မှု၊ လက်ကျန်မှု (၁၃) မှု ရှိပါသည်။

## (ခ) အကျင့်စာရိတ္တပြုပြင်ရေးနှင့် ပြန်လည်ထူထောင်ရေးဌာနခွဲ

အကျင့်စာရိတ္တပြုပြင်ရေးနှင့် ပြန်လည်ထူထောင်ရေးဌာနခွဲ အကျဉ်းဦးစီးလုပ်ငန်းများကို အကျဉ်းထောင်အမှတ်(၁)၊ အကျဉ်းထောင်အမှတ်(၂) နှင့် ထိန်းသိမ်းရေးစခန်း ဟူ၍ နေရာ (၃) ခုတွင် ဆောင်ရွက်လျက်ရှိပါသည်။
အဆိုပါ အကျဉ်းထောင်များနှင့် ထိန်းသိမ်းရေးစခန်းများမှ အကျဉ်းသားဦးရေစာရင်း -စုစုပေါင်း - ၅၉၄ ဦး ထိန်းသိမ်းစောင့်ရှောက်ထားပါသည်။

# ၂၀၂၅ ခုနှစ် ဥပဒေရေးရာကြီးကြပ်မှုဌာနခွဲမှ လိုက်ပါဆောင်ရွက်ခဲ့သော အမှုစရင်း

| စဉ် | အမှုအမျိုးအစား | ယခင်နှစ် (၂၀၂၄) လက်ကျန်မှု | ယခုနှစ် (၂၀၂၅)စွဲဆိုမှု | ယခုနှစ် ပြီးပြတ်မှု | ယခုနှစ် လက်ကျန်မှု |
|---|---|---|---|---|---|
| ၁။ | ရာဇသတ်ကြီးဥပဒေအရ စုံဆိုသောအမှု | - | ၃၅ | ၂၈ | ၇ |
| ၂။ | မူးယစ်ဆေးဝါး ဥပဒေအရ စွဲဆိုမှု | ၂၈ | ၂၃ | ၄၅ | ၆ |
| ၃။ | အကြမ်းဖက်တိုက်ဖျက်ရေး ဥပဒေအရ စွဲဆိုမှု | ၆ | ၃၂ | ၃၈ | - |
| ၄။ | လူသတ်မှု | - | ၄ | ၄ | - |
| ၅။ | အမျိုးသမီးနှင့် ကလေးသူငယ်များ အပေါ်အကြမ်းဖက်မှု | - | ၃ | ၃ | - |
| ၆။ | မီးလောင်မှု | - | ၂ | ၂ | - |
| ၇။ | ခိုးမှု | - | ၃ | ၃ | - |
| ၈။ | မုဒိမ်းမှု | ၁ | ၅ | ၆ | - |
| ၉။ | လူကုန်ကူးမှု | - | ၁ | ၁ | - |
| ၁၀။ | မတရားအက်ဥပဒေ | - | ၂ | ၂ | - |
| ၁၁။ | အယူခံ/ပြင်ဆင် | - | ၃ | ၃ | - |
| ၁၂။ | အထွေထွေ | ၅ | - | ၅ | - |
| စုစုပေါင်း | | ၄၀ | ၁၁၃ | ၁၄၀ | ၁၃ |

# ဥပဒေရေးရာကြီးကြပ်မှုဌာနခွဲမှ အကြံပေးနိုင်ခဲ့သော ဥပဒေမူကြမ်းများနှင့် မူဝါဒများ

1. အမျိုးသမီးများအပေါ်အကြမ်းဖက်မှုများမှ ကာကွယ်ရေးဥပဒေ
2. ဥပဒေအရာရှိကျင့်ဝတ် (မူကြမ်း)
3. ကရင်နီပြည်ဝန်ထမ်းဥပဒေ (မူကြမ်း)
4. ဘက်ပြောင်းခိုလှုံ၊ စစ်သုံ့ပန်း၊ စစ်ပြေး၊ စစ်ကောင်စီသတင်းပေးများနှင့် သက်ဆိုင်သည့် အစီအမံ
5. ကလေးသူငယ်ယာယီထိန်းသိမ်း စောင့်ရှောက်ရေးဆိုင်ရာ လုပ်ငန်းလမ်းညွှန်
6. အခွန်မူဝါဒ
7. အကျဉ်းထောင်လုပ်ငန်းလမ်းညွှန်
8. မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေ(မူကြမ်း)
9. သူနာပြုသားဖွားကောင်စီဥပဒေ (မူကြမ်း)
10. လောင်းကစားဥပဒေ (မူကြမ်း)
11. စိုက်ပျိုးရေးမူဝါဒ(မူကြမ်း)
12. မော်တော်ယာဉ်ဥပဒေ(မူကြမ်း)

ဆက်သွယ်ရန် - Email:IEC_dept.justice@protonmail.com
Signal: +66955754693
Facebook: https://www.facebook.com/ieckarenni.doj/




# ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ပို့ဆောင်ဆက်သွယ်ရေးဌာန

ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ပို့ဆောင်ဆက်သွယ်ရေးဌာန (DoTITC) သည် ကရင်နီပြည်အတွင်း စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန်၊ ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်စေရန်နှင့် ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍ အဆင်ပြေချောမွေ့စေရန် ရည်ရွယ်၍ ဖွဲ့စည်းထားသော ဌာနဖြစ်ပါသည်။ ၂၀၂၅ ခုနှစ် ဘဏ္ဍာရေးနှစ်အတွင်း စိန်ခေါ်မှုများကြားမှ လုပ်ငန်းရှင်များနှင့် ပူးပေါင်းဆောင်ရွက်ကာ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။

## (က) ကုန်သွယ်ရေး ဌာနခွဲ

ကုန်သွယ်ရေးဌာနခွဲ ပြည်နယ်တွင်း ကုန်စည်စီးဆင်းမှုနှင့် ပို့ကုန်သွင်းကုန်လုပ်ငန်းများ စနစ်ကျစေရန် ပို့ကုန်သွင်းကုန် လုပ်ငန်းမှတ်ပုံတင်ခြင်း၊မှော်စာထုတ်ပေးခြင်း၊ ကုန်သွယ်မှုပမာဏ အားမှတ်တမ်းတင်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။ ၂၀၂၅ ခုနှစ်အတွင်း လုပ်ငန်းမှတ်ပုံတင်ခြင်းကဏ္ဍတွင်၊ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင် မှတ်ပုံတင် (၃၇) ဦးနှင့် လုပ်ငန်းပါမစ် (သတ္တု၊ ပုလဲ၊ စက်သုံးဆီ၊ ယာဉ်ယန္တရား) (၆၉) စောင် ထုတ်ပေးနိုင်ခဲ့ပါသည်။ ထို့အပြင် မှော်စာထုတ်ပေးခြင်း၊လုပ်ငန်းတွင် သတ္တု (၁,၃၈၈) စောင်နှင့် အထွေထွေ (ပုလဲ၊ စက်သုံးဆီ၊ ယာဉ်ယန္တရား) (၁၀၉) စောင် ထုတ်ပေးခဲ့ပါသည်။

တစ်နှစ်တာ ကုန်သွယ်မှုပမာဏ (Export/Import) အားဖြင့်ခဲမဖြူ/အဖြိုက်နက် တင်ပို့မှု - ၁၁,၇၂၆ တန်၊ ခနောက်စိမ်း တင်ပို့မှု - ၂၉၅ တန်၊ ပုလဲ တင်သွင်းမှု - ၃၂၈.၅ တန်၊ စက်သုံးဆီ တင်သွင်းမှု - ၁,၆၈၀ ပီပါရှိခဲ့ပြီး၊ နယ်စပ်ဂိတ်များတွင် ကားအဝင်အထွက် မှတ်တမ်းတင်ရာတွင် BP-13 ဂိတ်မှ ကားအဝင်/အထွက် (၁,၅၂၄) စီး၊ BP-14 ဂိတ်မှ (၇၆၄) စီးနှင့် မြစ်ဆုံဂိတ် တွင် (၆၄၆) စီး ရှိခဲ့ပါသည်။

## (ခ) ရင်းနှီးမြှုပ်နှံမှုဌာနခွဲ

ရင်းနှီးမြှုပ်နှံမှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် **ကုမ္ပဏီမှတ်ပုံတင်ခြင်း၊လုပ်ငန်းမှတ်ပုံတင်ခြင်း၊ယာဉ်မှတ်ပုံတင်ခြင်း** တို့ကိုဆောင်ရွက်ခဲ့ပြီး ကုမ္ပဏီ (၃) ခုကို မှတ်ပုံတင်ခွင့်ပြုခဲ့ပါသည်။ထို့အပြင် သဲကျင်းလုပ်ငန်း (မော်ချီး) နှင့် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း (ဒီးမော့ဆို) တို့ကို မှတ်ပုံတင်ပေးနိုင်ခဲ့ပြီး **ယာဉ်မှတ်ပုံတင်ခြင်း လုပ်ငန်းတွင်** လုပ်ငန်းသုံးယာဉ် (၁၅) စီးကို မှတ်ပုံတင်ပေးနိုင်ခဲ့ပါသည်။

## (ဂ) ပို့ဆောင်ဆက်သွယ်ရေးဌာနခွဲ

ပို့ဆောင်ဆက်သွယ်ရေးဌာနခွဲ လမ်းပန်းဆက်သွယ်ရေးနှင့် ပို့ဆောင်ရေးကဏ္ဍတွင် ယာဉ်လိုင်စင်ထုတ်ပေးခြင်း၊ ကုန်ကြောင်းရေကြောင်း ခရီးသည်ပို့ဆောင်ရေးတို့ကိုလည်း ဆောင်ရွက်ခဲ့ပါသည်။ တစ်နှစ်တာအတွင်း ယာဉ်လိုင်စင်ထုတ်ပေးခြင်းလုပ်ငန်းတွင် ကား - (၂၀၁) စီး၊ **ဆိုင်ကယ် -** (၁၅၅) စီး ထုတ်ပေးနိုင်ခဲ့ပြီး **ယာဉ်မောင်းလိုင်စင် -** (၅) ဦး ထုတ်ပေးနိုင်ခဲ့ပါသည်။ထို့အတူ အများပြည်သူနှင့် ဌာနဆိုင်ရာများ ခရီးသွားလာမှု လွယ်ကူစေရန် ယာဉ်လိုင်းများကို စီမံပြေးဆွဲပေးလျက်ရှိပါသည်။

- သွင်းကုန်ပို့ကုန် လုပ်ငန်းရှင်မှတ်တင်ပုံ — (၃၇) ဦး
- လုပ်ငန်း ပါမစ် ထုတ်ပေးခြင်း — (၂၃) ခု
- ခဲမဖြူ/အဖြိုက်နက် တင်ပို့မှု - ၁၁,၇၂၆ တန်
- ခနောက်စိမ်း တင်ပို့မှု - ၂၉၅ တန်
- မော်တော်ယာဥ်လိုင်စင် ထုတ်ပေးခြင်း — (၂၀၁)စီး
- ယာဥ်မောင်းလိုင်စင် ထုတ်ပေးခြင်း — (၅) ဦး
- ဆိုင်ကယ်လိုင်စင် ထုတ်ပေးခြင်း — (၁၅၅)စီး



ဆက်သွယ်ရန် - Email: TITC_IEC@protonmail.com
Signal Number: +669557518281
Facebook: https://www.facebook.com/ieckarenni.dotitc/




# အမျိုးသမီးနှင့်ကလေးသူငယ်ရေးရာဌာန

အမျိုးသမီးနှင့် ကလေးသူငယ်ရေးရာဌာနသည် ကရင်နီပြည် ကြားကာလအုပ်ချုပ်ရေးကောင်စီ၏ အစီအမံပါ ပြဋ္ဌာန်းချက်များ၊ မူဝါဒလမ်းညွှန်ချက်များနှင့်အညီ အမျိုးသမီးများနှင့် ကလေးသူငယ်များအတွက် အကျိုးဖြစ်ထွန်းစေမည့် လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ ၂၀၂၅ ခုနှစ်၊ တစ်နှစ်တာကာလအတွင်း ဌာနတွင်း စီမံခန့်ခွဲမှုများ၊ ဝန်ထမ်းစွမ်းရည်မြှင့်တင်ခြင်းများအပြင် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်ခဲ့ပါသည်။ အရေးပေါ်ထောက်ပံ့မှုကဏ္ဍတွင် ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင် (၇၃) ဦးအား အရေးပေါ်ကူညီခြင်း၊ နေရပ်ပြန်စစ်ရှောင် (၅၀) ဦးအတွက် အာဟာရနှင့် လမ်းစရိတ်ထောက်ပံ့ခြင်းများကို ဆောင်ရွက်ခဲ့ပါသည်။စစ်ကောင်စီ၏ လေကြောင်းတိုက်ခိုက်မှုကြောင့် ထိခိုက်ဒဏ်ရာရ ကလေးငယ် (၂၆) ဦးနှင့် အမျိုးသမီး (၄) ဦးကို ထောက်ပံ့ကူညီခဲ့သလို၊ အရေးပေါ်ဆေးကုသရန်လိုအပ်သော ကလေးငယ် (၂၇) ဦးအတွက် ဆေးကုသစရိတ်များ ကူညီပေးခဲ့ပါသည်။ထို့အတူ ရေလွှမ်းမိုးမှုဒဏ်ခံစားခဲ့ရသော အိမ်ထောင်စု (၁,၀၀၀) အတွက် အရေးပေါ်ငွေကြေး၊ မိုးကာ၊ စောင်၊ အဝတ်အထည်နှင့် အမျိုးသမီးတစ်ကိုယ်ရေသုံးပစ္စည်းများကို ထောက်ပံ့ခဲ့ပါသည်။ အမျိုးသမီးနှင့်ကလေးသူငယ်ရေးရာဌာနမှ IEC ၏ ဌာနအသီးသီးတွင် တာဝန်ထမ်းဆောင်နေသော ကလေးမိခင် (၁၂၀) ဦးအား ထောက်ပံ့ငွေများ ချီးမြှင့်ပေးခဲ့ပါသည်။

## (က) အမျိုးသမီးနှင့် ဂျန်ဒါဌာနခွဲ

**အမျိုးသမီးနှင့် ဂျန်ဒါဌာနခွဲ** မှအမျိုးသမီးများဘဝ၏ လုံခြုံရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အကြမ်းဖက်မှုမှ အကာအကွယ်ပေးရေးအတွက် အောက်ပါတို့ကို ဆောင်ရွက်ခဲ့ပါသည်။

**ထိလွယ်ရှလွယ်အုပ်စုများ ကူညီခြင်း**

နည်းလမ်းမျိုးစုံဖြင့် အကြမ်းဖက်ခံရသူ အမျိုးသမီး (၅၂) ဦးနှင့် ကလေးငယ် (၉) ဦးအား ကျန်းမာရေး၊ စိတ်ပိုင်းဆိုင်ရာပံ့ပိုးမှုနှင့် တရားရင်ဆိုင်ရန် ခရီးစရိတ်များ ကူညီပေးခဲ့ပါသည်။ လေယာဉ်/လက်နက်ကြီးနှင့် မိုင်းကြောင့် ဒဏ်ရာရ အမျိုးသမီးများနှင့် သက်ကြီးရွယ်အိုများကိုလည်း ဆေးကုသစရိတ် ထောက်ပံ့ခဲ့ပါသည်။

**CDM မိသားစုများ ကူညီခြင်း**

တော်လှန်ရေးတပ်ပေါင်းစုံမှ ဖမ်းဆီးထိန်းသိမ်းထားသော စစ်ကောင်စီလက်အောက်ခံ ဝန်ထမ်းများနှင့် မိသားစုဝင်များအား ယာယီထိန်းသိမ်းရေးလုပ်ငန်းစဉ်တွင် လိုအပ်သော အကူအညီများ၊ သွားလာစရိတ်နှင့် တစ်ကိုယ်ရေသုံးပစ္စည်းများ ကူညီခဲ့ပါသည်။

## (ခ) ကလေးသူငယ်ရေးရာဌာနခွဲ

ကလေးသူငယ်များ၏ ဖွံ့ဖြိုးရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအတွက် အောက်ပါလုပ်ငန်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

လေကြောင်းတိုက်ခိုက်မှုကြောင့် သေဆုံး/ထိခိုက်ခဲ့ရသော ကလေး (၂၆) ဦးကို ကူညီခဲ့သလို၊ အရေးပေါ်ဆေးကုသရန်လိုသော ကလေး (၂၅) ဦးနှင့် ထူးခြားသန်စွမ်းကလေး (၇) ဦးကို ထောက်ပံ့ခဲ့ပါသည်။

ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင် (၃၁၁) ဦးအား Newborn Kits များ ဖြန့်ဝေခြင်း၊ မူကြိုကလေးငယ် (၅၁၅) ဦးအား လစဉ် အာဟာရတိုက်ကျွေးခြင်းများကို ဟိုယာ၊ ရှားတော၊ ဒီးမော့ဆို နှင့် မယ်စဲ့မြို့နယ်များတွင် ဆောင်ရွက်ခဲ့ပါသည်။ Newborn Kits စုစုပေါင်း (၃၀၃) ခုကို မြို့နယ်အလိုက် ဖြန့်ဝေနိုင်ခဲ့ပါသည်။

"ရွှေဖူးပွင့်မူကြို" နှင့် "အားမာန်သစ်မူကြို" တို့ကို စံပြမူကြိုအဖြစ် သတ်မှတ်ပြီး ကျောင်းဆောင်ပြုပြင်ခြင်းနှင့် ဆရာမများအား ထောက်ပံ့ငွေပေးအပ်ခဲ့ပါသည်။ မယ်စဲ့မြို့နယ်ရှိ မူကြိုဆရာမ (၃၀) ကျော်နှင့် ရှားတောမှ ဆရာမ (၆) ဦးတို့အတွက် လစဉ်ချီးမြှင့်ငွေများ ရရှိအောင် ဆောင်ရွက်ပေးခဲ့ပါသည်။ ဆရာမ (၂၀၀) ကျော်ကို ECCD သင်တန်းများ ပို့ချပေးနိုင်ခဲ့ပါသည်။ ထို့အပြင် မိဘအသိပညာပေးသင်တန်းများ၊ ကလေးသူငယ်အခွင့်အရေးနှင့် ကာကွယ်စောင့်ရှောက်ရေးသင်တန်းများကို ဒီးဘောင်းခူ၊လွိုင်နန်းဖ၊ကေးလျား၊ မယ်စဲ့၊ ဖွံဘော်ခွတ်၊ဟိုယာ၊ ဆိုမိုဖေဆိုလေး စသည့်မြို့နယ်များရှိ ကျေးရွာများနှင့် စစ်ရှောင်စခန်းများတွင် ပြုလုပ်ခဲ့ပါသည်။

တစ်နှစ်အတွင်း ကလေးသူငယ်နှင့်စပ်ဆိုင်သာအမှုများဖြစ်သည့်  ကာမလိမ်လည်မှု၊ လိင်ပိုင်းဆိုင်ရာကျူးလွန်မှု၊ ပြစ်မှုကျူးလွန်သည့်ကလေးအမှု စသည်အမှု ပေါင်း(၁၅) မှုကို သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းကိုင်တွယ်ဖြေရှင်းခဲ့ပါသည်။



## (ဂ) သုတေသနနှင့် အချက်အလက်စီမံခန့်ခွဲရေးဌာနခွဲ

**သုတေသန လုပ်ငန်းတွင်** AIT ကျောင်းနှင့်ပူးပေါင်း၍ GBV သုတေသနအတွက် အချက်အလက်ကောက်ယူခြင်းသင်တန်း ပြုလုပ်ပြီး၊ သုတေသီ (၁၀) ဦးဖြင့် နေရာ (၅) ခုတွင် အချက်အလက်ကောက်ယူခဲ့ပါသည်။ ကိုယ်ဝန်ဆောင်၊ နို့တိုက်မိခင်၊ သက်ကြီးရွယ်အိုနှင့် မူကြိုစာရင်းများကို ပြုစုထိန်းသိမ်းထားရှိပြီး၊ ဌာန၏ လုပ်ငန်းဆောင်ရွက်မှုများကို စောင့်ကြည့်လေ့လာခြင်း (Monitoring & Evaluation) လုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။

အမျိုးသမီးနှင့် ကလေးသူငယ်ရေးရာဌာနသည် ကရင်နီပြည်အတွင်းရှိ အမျိုးသမီးများနှင့် ကလေးသူငယ်များ၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရန်အတွက် မိတ်ဖက်အဖွဲ့အစည်းများ၊ ဒေသအာဏာပိုင်များ၊ ပြည်သူများနှင့် လက်တွဲကာ ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း အစီရင်ခံအပ်ပါသည်။

**ပစ္စည်းထောက်ပံ့ခြင်း**

အမျိုးသမီးဦးဆောင်အိမ်ထောင်စု (၁,၄၀၈) စုအား အမျိုးသမီးတစ်ကိုယ်ရေသုံးပစ္စည်းများ (Sanitary pads, underwear, etc.) ဖြန့်ဝေပေးခဲ့ပြီး၊ ရေဘေးသင့် အမျိုးသမီးဦးဆောင်အိမ်ထောင်စု (၂၀၀) အား အရေးပေါ်ငွေသား (၂) သိန်းကျပ်စီ ထောက်ပံ့ခဲ့ပါသည်။

**GBV ကိစ္စရပ်များ စီမံခန့်ခွဲခြင်း**

၂၀၂၅ ခုနှစ်အတွင်း ကျ်ားမအခြေပြုအကြမ်းဖက်မှု (GBV) ဖြစ်ရပ် (၅၂) မှု လက်ခံရရှိခဲ့ပြီး၊ သက်ဆိုင်ရာဌာနများ၊ ကော်မတီများနှင့် ပူးပေါင်းဖြေရှင်းခဲ့ပါသည်။ အဆိုပါအမှုများတွင် အိမ်တွင်းအကြမ်းဖက်မှု (၄၀%)၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု (၂၁%) နှင့် မုဒိမ်းမှု (၁၃%) တို့ ပါဝင်ပါသည်။ ဒီမောဆို၊ ဖရူဆို၊ ရှားတော၊ ဘောလခဲ အပါအဝင် မြို့နယ် (၉) ခုတွင် မြို့နယ်အဆင့် GBV ဆန့်ကျင်တုံ့ပြန်ရေးကော်မတီများကို ယာယီဖွဲ့စည်းနိုင်ခဲ့ပါသည်။

**ဥပဒေနှင့် မူဝါဒများ**


"အမျိုးသမီးများအပေါ် အကြမ်းဖက်မှု တားဆီးကာကွယ်ရေးဥပဒေ (မူကြမ်း)" (PoVAW Law) ကို ရေးဆွဲပြီး ဥပဒေကြမ်းစိစစ်ရေးကော်မတီသို့ တင်ပြထားပြီးဖြစ်သလို၊ ဖက်ဒရယ်ကျ်ားမမူဝါဒ (မူကြမ်း) ကိုလည်း ရေးဆွဲဆောင်ရွက်လျက်ရှိပါသည်။

**စွမ်းရည်မြှင့်တင်ရေး**

အမျိုးသမီးခေါင်းဆောင် (၆၀) ဦးအား စွမ်းရည်မြှင့်သင်တန်းပေးခြင်း၊ ရဲအရာရှိ (၃၁) ဦးနှင့် တပ်သား (၇၁) ဦးအား GBV စီမံခန့်ခွဲမှုသင်တန်း ပို့ချပေးခြင်းများကို ဆောင်ရွက်ခဲ့ပါသည်။ Karenni Women Academy တွင် ဒီပလိုမာ သင်တန်း အမှတ်စဉ် (၁) ကို ဖွင့်လှစ်၍ သင်တန်းသူ (၂၁) ဦးဖြင့် ဆောင်ရွက်လျက်ရှိပါသည်။




ဆက်သွယ်ရန် - Email- IEC_dept_womendandchild@protonmail.com
Signal Number- +66613741983
Facebook: https://www.facebook.com/ieckarenni.dowc/



# စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဌာန

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဌာနသည် ၂၀၂၅ ခုနှစ်၊ အတွင်း ကရင်နီပြည်နယ် စားနပ်ရိက္ခာဖူလုံရေး၊ ဘေးအန္တရာယ်ကင်းရှင်းသော ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေးနှင့် တောင်သူလယ်သမားများ အကျိုးအမြတ်ရရှိစေရေးအတွက် မူဝါဒများချမှတ်ကာ အောက်ပါရည်ရွယ်ချက်များဖြင့် လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

(က) ပြည်နယ်အတွင်း စားနပ်ရိက္ခာဖူလုံရေးနှင့် အာဟာရပြည့်ဝသော ထုတ်ကုန်များ တိုးတက်ထုတ်လုပ်နိုင်ရန် မူဝါဒများ ချမှတ်အကောင်အထည်ဖော်ရန်။

(ခ) တောင်သူများ အကျိုးအမြတ်ရရှိစေရန် မျိုးကောင်းမျိုးသန့်၊ စိုက်စနစ်နှင့် သီးနှံပုံစံများ ချမှတ်ပေးပြီး နည်းပညာပြန့်ပွားရေး ဆောင်ရွက်ရန်။

(ဂ) သဘာဝကိုအခြေခံသော စိုက်ပျိုးရေးသွင်းအားစုများ သုံးစွဲလာစေရန်နှင့် ဆည်မြောင်းတာတမံများကို ပြုပြင်ထိန်းသိမ်းရန် ရည်ရွယ်ပါသည်။

## (က) စိုက်ပျိုးရေးနည်းပညာဌာနခွဲ

စိုက်ပျိုးရေးနည်းပညာဌာနခွဲသည် တောင်သူများ၏ လိုအပ်ချက်နှင့်အညီ သွင်းအားစုထုတ်လုပ်ဖြန့်ဖြူးခြင်း စိုက်ပျိုးရေးနည်းပညာ ပြန့်ပွားရေး၊ မျိုးစေ့ထုတ်နှင့် စံပြကွက်များဖော်ထုတ်ခြင်းနှင့် တောင်သူညီလာခံ များ ကျင်းပခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

သွင်းအားစုထုတ်လုပ်ဖြန့်ဖြူးခြင်းလုပ်ငန်းတွင် သဘာဝမြေဩဇာ အိတ် (၅,၀၀၀) ထုတ်လုပ်နိုင်ခဲ့ပြီး၊ နှစ်ရှည်ပျိုးပင် (၆,၀၀၀) နှင့် မျိုးစပါး (၃၁၈) ဧကစာကို ဖြန့်ဖြူးပေးနိုင်ခဲ့ပါသည်။

စိုက်ပျိုးရေးဆိုင်ရာနည်းပညာပြန့်ပွားရေးကဏ္ဍတွင် ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ခြင်း (၁) ကြိမ် (လူဦးရေ ၁၀ ဦး)၊ နည်းပညာပေးသင်တန်း (၂၀) ကြိမ် (မြို့နယ် ၆ ခု) နှင့် မူဝါဒချပြခြင်း (၆) ကြိမ် ဆောင်ရွက်ခဲ့ပါသည်။မျိုးစေ့ထုတ်နှင့် စံပြကွက်များ များဖော်ဆောင်ရာတွင်  မျိုးစေ့ထုတ်စိုက်ခင်း (၃) မြို့နယ်တွင် (၅) ခင်းနှင့် စံပြကွက် (၁၃) ကွက်ကို ဆောင်ရွက်ခဲ့ပါသည်။ထို့အပြင် ကရင်နီပြည်တောင်သူလယ်သမားသမဂ္ဂ (KSFU) နှင့် ပူးပေါင်း၍ မြို့နယ် (၆) မြို့နယ်တွင် တောင်သူညီလာခံ (၇) ကြိမ် ပြုလုပ်ခဲ့ပြီး တောင်သူများ၏ စိန်ခေါ်မှုများကို ရယူကာ မူဝါဒရေးဆွဲခဲ့ပါသည်။

## သွင်းအားစုထုတ်လုပ်ဖြန့်ဖြူးခြင်း လုပ်ငန်း







## (ခ) မွေးမြူရေးနှင့် ကုသရေးဌာနခွဲ

မွေးမြူရေးနှင့် ကုသရေးဌာနခွဲ တိရစ္ဆာန်ရောဂါကာကွယ်ရေးနှင့် ကုသရေးလုပ်ငန်းများကို အောက်ပါအတိုင်း ဆောင်ရွက်ခဲ့ပါသည်။ ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းတွင် ကျွဲ/နွား (၃,၂၀၈) ကောင်၊ ဝက် (၅,၈၆၅) ကောင်၊ တိုင်းရင်းကြက် (၃၀,၂၈၅) ကောင်နှင့် ခွေး (၆၀၀) ကောင်တို့ကို မြို့နယ်အလိုက် ကာကွယ်ဆေးထိုးနှံပေးခဲ့ပါသည်။ထို့အပြင် ဆေးကုသရေးကဏ္ဍတွင် ကျွဲ/နွား (၂၅၅) ကောင် (ခွာနာလျှာနာ၊ ဒဏ်ရာ၊ အားဆေး) နှင့် ဝက် (၂၉၄) ကောင် (သန်ချဆေး၊ ဝက်ဂွေးတင်း) တို့ကို ကုသပေးနိုင်ခဲ့ပါသည်။ ထို့အတူ မွေးမြူရေးနည်းပညာပေးခြင်း (၁၅) ကြိမ် ပြုလုပ်ခဲ့ပြီး၊ မြို့နယ် (၇) ခုမှ သင်တန်းသား (၃၀) ဦးအား အခြေခံမွေးမြူကုသရေးသင်တန်း (၃) ကြိမ် ပို့ချ၍ ရပ်ရွာအခြေပြု တိရစ္ဆာန်ကျန်းမာရေးလုပ်သားများ မွေးထုတ်ပေးနိုင်ခဲ့ပါသည်။

### တိရိစ္ဆာန် ကာကွယ်ဆေးထိုးခြင်း၊ ကုသခြင်းနှင့် မွေးမြူရေးနည်းပညာပေးခြင်း









## (ဂ)ဆည်မြောင်းဌာနခွဲ

ဆည်မြောင်းဌာနခွဲ စိုက်ပျိုးရေရရှိရေးနှင့် ရေဘေးကာကွယ်ရေးအတွက် ပြုပြင်ထိန်းသိမ်းခြင်းများကို အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်။ ဌာနခွဲမှ ခချောင်းမြောင်းပြုပြင်ခြင်းလုပ်ငန်းတွင် လွိုင်နန်းဖမြို့နယ်ရှိ နန်းစံဖူးချောင်း၊ ဒေါတငူးချောင်း၊ ကွိုင်ငံချောင်း၊ ဆီးဆူဘို့ရေလွှဲတံခါး၊ ဆိုဖလဲခိုရေလှောင်ကန်၊ ဒီးဘောင်းခူမြို့နယ်ရှိ အနွန်းချောင်းနှင့် ဒီးမော့ဆိုမြို့နယ်ရှိ ကန်အမှတ်(၇) တို့ကို ပြုပြင်ခဲ့ပါသည်။ ထို့အတူ ကုန်ထုတ်လမ်းနှင့် တံတား ပြုပြင်ဆောက်လုပ်ရာတွင်ကေးလျားမြို့နယ် (ဆိုလျားကူး လမ်း)၊ ဖယ်ခုံမြို့နယ် (လယ်ဝိုင်း၊ နန်းဖဲချောင်းတံတား) နှင့် လွိုင်နန်းဖမြို့နယ် (ဒေါဆော်ကလော-ဆိုဘောသဲ လမ်း) တို့ကို ပြုပြင်ဆောင်ရွက်ခဲ့ပါသည်။


ဆက်သွယ်ရန် - Email: IEC_dept.ali@protonmail.com
Signal Number- +959428007376
Facebook: https://www.facebook.com/ieckarenni.doali/

**ကရင်နီပြည်ကြားကာလအုပ်ချုပ်ရေးကောင်စီ**
**ဆောက်လုပ်ရေးဌာန**
**၂၀၂၅ ခုနှစ် တစ်နှစ်တာလုပ်ငန်းဆောင်ရွက်မှု အစီရင်ခံခြင်း**



# ဆောက်လုပ်ရေးဌာန

ဆောက်လုပ်ရေးဌာနကို ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ (၂၇) ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့ပြီး၊ ကရင်နီပြည် ကြားကာလ အုပ်ချုပ်ရေးကောင်စီ၏ အခြေခံမူဝါဒများ၊ ဆောက်လုပ်ရေးဌာန၏ မူဝါဒများနှင့်အညီ ဆောက်လုပ်ရေးကဏ္ဍများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ ကရင်နီပြည် လူမှုဘဝဖွံ့ဖြိုးရေးအတွက် မြေပြင်တွင် အမှန်တကယ် လိုအပ်နေသော လုပ်ငန်းစီမံကိန်းများကို ကွင်းဆင်းတိုင်းတာခြင်း၊ စိစစ်ခြင်းနှင့် ရန်ပုံငွေရှာဖွေခြင်းတို့ကို ဌာနဆိုင်ရာများ၊ မြို့နယ်များနှင့် ပူးပေါင်းကာ အရှိန်အဟုန်ဖြင့် ဆောင်ရွက်ခဲ့ပါသည်။

၂၀၂၅ ခုနှစ်အတွင်း ဘတ်ဂျက်ရရှိမှုအပေါ်မူတည်၍ အောက်ပါစီမံကိန်းများကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပါသည်။

**လမ်းလုပ်ငန်းများ**

ဆောက်လုပ်ရေးဌာနမှထူးချောင်း-သရတောင်-ဘူးခိုလမ်း - မြေသားလမ်းပြုပြင်ခြင်း (၂၄) မိုင် ဖောက်လုပ် ပြီးစီးခဲ့ပါသည်။ ထို့အပြင် (၄,၀၇၀ ပေ)ရှိသော ဆေးရုံအဝင်လမ်း သဲလမ်းခင်းခြင်း ၊ (၈၅၀ ပေ x ၉ ပေ x ၄ လက်မ)ကွန်ကရစ်လမ်းခင်းခြင်း  နှင့် Pipe Culvert တံတား (၄) စင်း တည်ဆောက်နိုင်ခဲ့ပါသည်။ထို့အတူ (၂) မိုင် ရှိခန့်သော ယူဆမိုဆို-ကွိုင်ငံလမ်း အား လမ်းပြုပြင်ထိန်းသိမ်းခြင်းနှင့် ကွိုင်ငံ-မိုဆိုလမ်းအား (၁,၅၅၀ ပေ)သဲကျောက်လမ်းခင်းခြင်း ၊ ကျောက်ချော လမ်းခင်းခြင်း (၁၈၅ ပေ) နှင့် ကွန်ကရစ်လမ်းခင်းခြင်း (၈၀၀ ပေ အပိုင်း ၂ ခု) ဆောင်ရွက်နိုင်ခဲ့ပါသည်။ထို့အတူ ဈေးစည်ပင်လမ်း အတွက် ကျောက်လမ်းနှင့် သဲလမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။






**တံတားနှင့် အဆောက်အအုံလုပ်ငန်းများ**

တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် မယ်ဆည်နမ်တံတား (၆၀ ပေ x ၁၄ ပေ x ၁၀ ပေ) အတိုင်းအတာရှိ တံတားကို မယ်စဲ့မြို့နယ်တွင် တည်ဆောက်နိုင်ခဲ့ပါသည်။ ထို့အပြင် အဆောက်အအုံဆောက်လုပ်ခြင်း ကဏ္ဍတွင် ကရင်နီရဲဌာနအတွက် ဗိုးခိုကျင်း (၂) ကျင်းနှင့် အဆောက်အအုံလုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့ပါသည်။ BP-13 ဂိတ် - တောင်ပြိုမြေဖယ်ရှားခြင်း၊ ရေမြောင်းတူးခြင်းနှင့် မြေကာနံရံပြုလုပ်ခြင်း (၁၂၀ ပေ x ၁၀ ပေ x ၁၀ ပေ) လုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။

## ဆောက်လုပ်ပြီးခဲ့သော တံတားနှင့် အဆောက်အအုံလုပ်ငန်းများ




ဆက်သွယ်ရန် - Email: ldoc5052@gmail.com
Facebook: https://www.facebook.com/ieckarenni.doc/

# ကရင်နီပြည်ကြားကာလအုပ်ချုပ်ရေးကောင်စီ
# လူငယ်ရေးရာဌာန
## ၂၀၂၅ ခုနှစ် တစ်နှစ်တာလုပ်ငန်းဆောင်ရွက်မှု အစီရင်ခံခြင်း



# လူငယ်ရေးရာဌာန

ကရင်နီပြည် လူငယ်ရေးရာဌာန (Department of Youth Affairs - DoYA) ကို ကရင်နီပြည် လူငယ်ရေးရာမူဝါဒ အား အကောင်အထည်ဖော်ရန်နှင့် လူငယ်များကို တရားဝင်ကိုယ်စားပြုရန်အတွက် ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၅) ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့သည်။

လူငယ်ရေးရာဌာန၏ အဓိက ရည်မှန်းချက်မှာ ကရင်နီပြည် လူငယ်ရေးရာမူဝါဒကို အခြေခံ၍ လူငယ်များအကြား ချိတ်ဆက်မှု အားကောင်းလာစေရန်နှင့် လူငယ်စွမ်းရည် မြှင့်တင်ရေးလုပ်ငန်းများကို ကြားကာလအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်မှုအောက်တွင် ထိရောက်စွာ ဆောင်ရွက်ရန်ဖြစ်သည်။ လူငယ်ရေးရာဌာန၏ **အဓိက လုပ်ငန်းတာဝန်များမှာ (၁)**လူငယ်ရေးရာမူဝါဒအား အကောင်အထည်ဖော်ဆောင်ခြင်း။ (၂)လူငယ်အင်အားစုများအကြား ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ခြင်း။ ၃) လူငယ်ထု၏ အသံနှင့် သဘောထားများကို မှတ်တမ်းတင်ပြီး လိုအပ်သော အစီအမံများ ချမှတ်ခြင်း တို့ဖြစ်ပါသည်။

**(က) လူငယ်နှင့် နိုင်ငံရေးဌာနခွဲ**

လူငယ်ထု၏ နိုင်ငံရေးအမြင် နိုးကြားစေရန် ဆောင်ရွက်ခဲ့ရာတွင် UKSY နှင့် ပူးပေါင်း၍ စစ်ကောင်စီ၏ အတုအယောင်ရွေးကောက်ပွဲ ဆန့်ကျင်ရေး ကမ်ပိန်းကို မြို့နယ် (၇) ခုတွင် ပြုလုပ်ခဲ့သည်။ ထို့အပြင် ဒေသခံ တိုင်းရင်းသားလူငယ်များ၊ စစ်ရှောင်လူငယ်များနှင့် ကျောင်းသားလူငယ်များနှင့် (၈) ကြိမ်ထက်မနည်း တွေ့ဆုံကာ သဘောထားများ စုဆောင်းခဲ့သည်။မြို့နယ်(၄) ခုတွင် လူငယ်များအတွက် နိုင်ငံရေးအမြင်ဖွင့် သင်တန်းများ ပေးခဲ့သည်။

**(ခ) လူငယ်နှင့် ဖွံ့ဖြိုးရေးဌာနခွဲ**

ပြည်နယ်လုံးဆိုင်ရာ လူငယ်စစ်တမ်းကို မြို့နယ်အသီးသီးတွင် ကောက်ယူပြီးစီးခဲ့ပြီး အချက်အလက်များကို ခွဲခြမ်းစိတ်ဖြာကာ လိုအပ်သော လုပ်ငန်းစဉ်များ မူဝါဒများချမှတ်မှတ်လျက်ရှိပါသည်။မြို့နယ်နှင့် ကလပ်ပေါင်းစုံ ဘောလုံးအသင်း (၃၂) သင်း ပါဝင်သော ချစ်ကြည်ရေးဘောလုံးပြိုင်ပွဲကို ကျင်းပခဲ့ပြီး ကရင်နီပြည် လက်ရွေးစင်အသင်း (၁) သင်းကို စုဖွဲ့နိုင်ခဲ့သည်။**နည်းပညာ ကဏ္ဍတွင်** KPPA နှင့် ပူးပေါင်း၍ မယ်စဲ့မြို့နယ်တွင် ကွန်ပျူတာသင်တန်းများ ပေးခဲ့သည်။

**(ခ) လူငယ်နှင့် ပြန်လည်ထူထောင်ရေးဌာနခွဲ**

လူငယ်နှင့် ပြန်လည်ထူထောင်ရေးဌာနခွဲလက်ရှိတွင် လုပ်ငန်းစဉ်များ ရေးဆွဲပြီး ပြန်လည်ထူထောင်ရေးစင်တာ (Rehabilitation Center) တည်ထောင်ရန်အတွက် နေရာရွေးချယ်ခြင်းနှင့် ဘဏ္ဍာငွေ ရှာဖွေခြင်းတို့ကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသည်။

ဆက်သွယ်ရန် -Signal: +66963541503
Facebook - https://www.facebook.com/ieckarenni.doya/

## ကရင်နီပြည်ကြားကာလအုပ်ချုပ်ရေးကောင်စီ
## ကာကွယ်ရေးဌာန
### ၂၀၂၅ ခုနှစ် တစ်နှစ်တာလုပ်ငန်းဆောင်ရွက်မှု အစီရင်ခံခြင်း



# ကာကွယ်ရေးဌာန

ကာကွယ်ရေးဌာနကို ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ (၂၉) ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့ပြီး ကရင်နီပြည်အတွင်း အရပ်သားပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ရန်နှင့် စစ်ပဋိပက္ခကြောင့်ဖြစ်ပေါ်လာသော ထိခိုက်မှုများကို လျှော့ချခြင်း၊ တိုက်ခိုက်ချေမှုန်းခြင်းနှင့် ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များအား ကာကွယ်စောင့်ရှောက်ခြင်းတို့ကို လုပ်ဆောင်မည်ဖြစ်သည်။

ယင်းကာကွယ်ရေးဌာနက၏ အဓိကရည်ရွယ်ချက်မှာ ကရင်နီပြည်ရှိ လုံခြုံရေးနှင့် ကာကွယ်ရေးလုပ်ငန်းများကို မူဝါဒနှင့်အညီ အကောင်အထည်ဖော်ရန်၊ တော်လှန်ရေးတပ်ဖွဲ့များအကြား ပူးပေါင်းဆောင်ရွက်မှု အားကောင်းစေရန်နှင့် အနာဂတ်တွင် အရပ်သားအစိုးရ၏ ထိန်းကျောင်းမှုကိုခံယူသော ဖက်ဒရယ်တပ်မတော်တစ်ရပ် ပေါ်ပေါက်လာစေရန် ဖြစ်ပါသည်။

ဌာနစတင်ဖွဲ့စည်းချိန်မှစ၍ အောက်ပါ ဌာနခွဲ (၅) ခု ဖြင့် သော ရုံးစီမံခန့်ခွဲရေးနှင့် ဘဏ္ဍာရေးဌာနခွဲ၊ စစ်ထောက်လှမ်းရေးဌာနခွဲ၊ စစ်ဖက်ရေးရာပြန်ကြားရေးဌာနခွဲ၊ စစ်လက်နက်ထိန်းသိမ်းရေးနှင့်ကြပ်မတ်ရေးဌာနခွဲ၊ စစ်ကျင့်ဝတ်များ လေ့လာစောင့်ကြည့်ရေးဌာနခွဲ တို့ဖြင့် လုပ်ငန်းလည်ပတ်လျက်ရှိပါသည်။

## ကရင်နီတပ်ပေါင်းစုံစစ်ဦးစီးအဖွဲ့ (JCS) နှင့် ပူးပေါင်းဆောင်ရွက်မှု

ကာကွယ်ရေးဌာနသည် အရပ်သားအုပ်ချုပ်မှုအောက်တွင် စစ်ဘက်ဆိုင်ရာ ဘဏ္ဍာငွေသုံးစွဲမှု ပွင့်လင်းမြင်သာစေရန် JCS နှင့် ပူးပေါင်းဆောင်ရွက်ကာ ဘဏ္ဍာရေးစည်းမျဉ်း - ချမှတ်ခြင်း စစ်ရေးအသုံးစရိတ်အသုံးစရိတ် စီမံမှုများ စနစ်တကျဖြစ်ရေး ညှိနှိုင်းဆောင်ရွက်ခြင်း ဒရုန်းစစ်ဆင်ရေးသင်တန်းများ ပူးပေါင်းဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။ ထို့အတူ တပ်ပေါင်းစုံညီညွတ်ရေးကိစ္စများကို လည်း သက်ဆိုင် အဖွဲ့အစည်းအသီးသီးဖြင့် ကွင်းဆင်း ညှိနှိုင်းဆောင်ရွက်လျက်ရှိပါသည်။

ဆက်သွယ်ရန် - Signal Number: +959401461480
Facebook: https://www.facebook.com/ieckarenni.dod/